## အခန်း (၁)

## တကုန်းကျေးရွာ၏ နောက်ခံသမိုင်းနှင့် ကနဦးလူမှုစီးပွားဘဝ အခြေအနေ

### ၁။ တည်နေရာနှင့် အကျယ်အဝန်း

တကုန်းကျေးရွာသည် ပထဝီဝင် တည်နေရာအရ မြောက်လတ္တီတွဒ် *၂၇° ၁၁' ၃၈"* နှင့် *၂၇° ၁၁' ၄၉"* ကြား၊ အရှေ့လောင်ဂျီတွဒ် *၉၆° ၉' ၅၅"* နှင့် *၉၆° ၁၀' ၂၆"* ကြား၊ ပင်လယ်ရေမျက်နှာပြင် အထက် အနိမ့်ဆုံးမှ အမြင့်ဆုံး ***(၂၈၈၉) ပေ*** နှင့် ***(၂၉၉၅) ပေ*** တို့ကြားတွင် တည်ရှိသည်။ အနောက်ဘက်၌ နောင်ဆိုင်ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း ရှိသည်။ အရှေ့မြောက်ဘက်တွင် နောင်ယန်းကျေးရွာ နယ်နိမိတ်နှင့်လည်းကောင်း အရှေ့ဘက်တွင် လောက်လိုင်ကျေးရွာ နယ်နိမိတ် တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ရွာ၏ မြောက်ဘက်တွင် လယ်ကွင်းပြင် ကျယ်နှင့် နောင်ယန်းအင်း ရှိသည်။



***ပုံ (၁) တကုန်းကျေးရွာကို ရွာမြောက်ဘက်မှ မြင်တွေ့ရသည့် မြင်ကွင်းများ***

အစိုးရ၏ အုပ်ချုပ်ရေးနယ်မြေအရ နန်းယွန်းမြို့နယ်အတွင်း နောင်ဆိုင် ကျေးရွာအုပ်စု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါဝင်ပါသည်။

တကုန်းကျေးရွာနှင့် နောင်ဆိုင်ကျေးရွာတို့သည် ကျေးရွာနယ်နိမိတ် တစ်ခုတည်း၌ တည်ရှိသည်။ ၎င်းတို့၏ နယ်နိမိတ် စုပေါင်းပိုင်ဆိုင်မှုမှာ စုစုပေါင်း အကျယ်အဝန်း **(၁၀၄၄၇) ဧက** ရှိသည်။




ပုံ(၂) တကုန်းကျေးရွာပြ ဂြိုလ်တုဓာတ်ပုံ

## ၂။ သမိုင်းဦးက မုံးရဲကြည်လုရမ်းဝေါ သူရဲကောင်း ညီအစ်ကို (၂) ဦး

မုန်းရဲကြည်လုရမ်းဝေါ **ဦးတော်လ်ဝေါနှင့် ချိန်းဇော**တို့ သူရဲကောင်း ညီအစ်ကိုနှစ်ဦး နေထိုင်သည့် ရွာအနီးတွင် **ငိုင်းလုံ့** (တောဝက်တိုးအဖြူ) တောဝက်တစ်ကောင် ကျက်စားနေကြောင်းကို ညီအစ်ကို နှစ်ဦးက သိရှိသောအခါ ထိုတောဝက်တိုးကို ဖမ်းဆီးရန် တောထွက် အမဲလိုက်ခဲ့သည်။ တောနက်ကြီး တစ်နေရာသို့ ရောက်ရှိခဲ့သော် သစ်ပင်ပေါ်တက်ပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို စူးစမ်းလေ့လာသည်။ အနီးတစ်နေရာ တောင်ယာခင်း တစ်ခုရှိ စပါးခင်းသည် ဝင်းမဲ့နေလေသည်။ ထိုစပါးခင်းကို တွေ့ရှိရသဖြင့် ဝမ်းသာလျက် အနီးကပ်သွားပြီး စိုးစမ်းကြည့်သည်။

ထိုနေရာသည် ဆိတ်ညံ့လျက်ရှိသည်။ ထို့နောက် **ခေါ်လ်ချုန်း** (စပါးနေလှမ်းရန် သစ်သားဖောက်ထွင်းထားသည့် သစ်ခေါင်း)ကိုလည်း တွေ့ရှိရသည်။ ခေါ်လ်ချုန်း သစ်ခေါင်းကို လိမ့်လှန်ကြည့်သောအခါ အထဲတွင် ပုန်းအောင်းနေသည့် ညီအစ်မနှစ်ဦးကို အံ့သြစွာ တွေ့မြင်ခဲ့သည်။ အဘယ်ကြောင့် ဤသို့ပုန်းအောင်းသည့်အကြောင်းကို မေးမြန်းသည်။ ညီအစ်မ နှစ်ဦးတို့က ချိဟဲ (ကြားရိုင်း)၊ လဲရဲ (ဖွန်ရိုင်း) နှင့် ပေါ်လ်မျန်း (မြွေရိုင်း) တို့အား ကြောက်ရွံ့သောကြောင့် ပုန်းအောင်နေရ ပါကြောင်း ဖြေဆိုခဲ့သည်။

ထို့ကြောင့် သူရဲကောင်းညီအစ်ကို **ဦးတော်လ်ဝေါနှင့် ချိန်း**ဇောသည် အန္တရာယ်အလွန်ရှိသည့် ထိုသားရဲကောင်များကို ရှာဖွေပြီး နည်းလမ်းမျိုးစုံတို့ဖြင့် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည်။ ညီအစ်မနှစ်ဦးသည် ထို သူရဲကောင်းနှစ်ဦး၏ အောင်ပွဲ အကြောင်းကို ၎င်းတို့၏ မိဘများအား ကြားပြောလေရာ မိဘများနှင့် ရွာသူရွာသားများသည် ထိုသတင်း မှန်ကန်မှု ရှိ/မရှိ သိရှိနိုင်ရန် ယာခင်းသို့ စိတ်ဝင်တစား သွားရောက် ကြည့်ရှုခဲ့သည်။ ထိုသတင်းမှာ မှန်ကန်ပါသည်။

ထိုသို့ အန္တရာယ်ပေးတတ်သည့် သားရဲကောင်များကို သတ်ဖြတ်နိုင်ခဲ့သည့် သူရဲကောင်းညီအစ်ကို နှစ်ဦးကို ၎င်းတို့၏ ရွာသို့ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ခေါ်ဆောင်သွားခဲ့သည်။ ညီအစ်ကို နှစ်ဦးသည် ရွာသားများထံမှ လက်ဆောင် ဘဏ္ဍာများစွာကိုလည်း ရရှိခဲ့သည်။ မကြာမီတွင် အခွင့်အလမ်း ကောင်းများကို ရိပ်မိသည့် သူရဲကောင်းညီအစ်ကိုနှစ်ဦးက မိမိတို့ကယ်တင်ပေးခဲ့သော ညီအစ်မနှစ်ဦးတို့အား မိမိတို့နှင့် ထိမ်းမြားပေးစားရန် တောင်းပန်သောကြောင့် မိဘများက သဘောတူပေးခဲ့ရသည်။

ညီအစ်မနှစ်ဦးတွင် **အကြီးဖြစ်မ လတ်ရှိ** သည် နူးညံ့သိမ်မွေ့သည့် အပြုအမူဖြင့် ပုံပြင်ယဉ်ကျေးပြီး ရုပ်ရည်ချောမော လှပသည်။ **ညီမဖြစ်သူ လတ်နော** မှာ အမနှင့် ပင်ကိုသဘော ကွဲပြားပြီး ရုပ်ဆိုးသည်။ ထို့ကြောင့် မယားပိုင်ဆိုင်မှုကို ဆုံးဖြတ်ရာတွင် ညီအစ်ကိုနှစ်ဦးကြား အငြင်းပွားမှုများရှိလာခဲ့သည်။ တစ်နေ့တစ်ခြား ညီအစ်ကိုချင်း ပိုမို တင်းမာလာကြသည်။ သို့ရာတွင် အခြေအနေအပေါ် ကျွမ်းကျင် ပိုင်နိုင်သည့် ယောက္ခမများနှင့် ရွာသူရွာသားများ တိုင်ပင်မှုဖြင့် အသက်အရွယ်အဆင့်ကို ပိုင်းခြားပြီး အကြီးချင်း၊ အငယ်ချင်း ထိမ်းမြားစေခဲ့သည်။

ထိုသို့ စိတ်ဝမ်းကွဲပြားမှု ရှိခဲ့သဖြင့် အငယ်စုံတွဲ ကြည်လုဦးချိန်းဇောနှင့် ဇနီးဒေါ်လတ်နောတို့သည် ဆွေမျိုးများနှင့် ရွာကို ထားရစ်ပြီး အခြားနေရာသို့ ပြောင်းရွှေ့သွားသည်။ ထိုအချိန်မှစ၍ ထိုစုံတွဲ နှင့်ပတ်သက်၍ တစ်စုံတစ်ခုကို မည်သူမျှ မသိရှိတော့ပါ။ ကြည်လုဦးတော်လ်ဝေါနှင့် ဒေါ် လတ်ရှိတို့ လင်မယားသည် ထိုရွာတွင် အတန်ကြာ နေထိုင်ခဲ့ပြီး လှာ**မ်းထောင်**းအမည်ရှိ နေရာတစ်ခုသို့ ပြောင်းရွှေ့အခြေချခဲ့ကြသည်။ လှာမ်းထောင်းရွာနှင့် ပတ်ဝန်းကျင်သည် အသက်မွေးဝမ်းကျောင်း ပြုရန် ကောင်းမွန်သဖြင့် အခြား မကြာမီတွင် မုန်းရဲမျိုးနွယ်စုများလည်း ထိုရွာသို့ စုစီးလာကြသည်။ ထို့နောက် လူမျိုးကြီး ရွာကြီးဖြစ်လာသောကြောင့် ရွာအမည်ကို **လှာမ်းထောင်းမုန်းရဲရွာကြီး** ဟူ၍ အမည်သစ် တွင်ခဲ့သည်။

### ၃။ မုန်းရဲကြည်လုရမ်းဝေါ စကားစု တွင်ကျယ်လာပုံ

ကြည်လုရမ်းဝေါသည် မုန်းရဲအနွယ်တွင်ပါဝင်သော မိသားစု အနွယ်တစ်ခုဖြစ်သည်။ **'ကြည်လု'** နှင့် **ရမ်းဝေါ** တွင် လေးနက်သော ဝေါဟာရ အဓိပ္ပါယ်များ ရှိကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက တစ်ရွာနှင့် တစ်ရွာ ရန်မူတိုက်ခိုက်ခဲ့ကြသည့် ဘိုးဘေးတို့လက်ထက်တွင် ရွာကို ဝန်းခြံခတ်ပြီး အလေ့ကျ လုံခြုံရေးအစောင့်တို့ဖြင့် နေထိုင်လာခဲ့ကြရသည်။ ရွာအဝင် ဝင်းတံခါးကို ရွာ၏အ ထက်ဘက်နှင့် အောက်ဘက်တွင် ထားရှိသည်။ ဝင်းတံခါးကို လုံခြုံစေရန် အတွက် ရဲရင့်သည့်မိသားစုအား ရွေးချယ်ပြီး စောင့်ရှောက်စေပါသည်။

ထိုမှ ရွာအောက်ဘက်ရှိ ရွာအဝင် တံခါးပေါက်ကို စောင့်ရှောက်သည့် မိသားစုကို ကြည်လု (ရွာအောက်ဘက်) မိသားစုဟူသောအမည် စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုမိသားစုအတွင်းမှ ဦးတော်လ်ဝေါ နှင့် ဦးချိန်းဇောတို့ သူရဲကောင်းညီအစ်ကို နှစ်ဦး **'ရမ်းဝေါ'** ၏ အဓိပ္ပါယ်မှာ **ကောင်းမြတ်ပြည့်စုံခြင်း ချမ်းသာ** ဟူ၍ အဓိပ္ပါယ်ရပါသည်။

## ၄။ ပြောင်းရွှေ့နေထိုင်မှု အဆင့်ဆင့် နှင့် တကုန်းကျေးရွာသစ် ထူထောင်ခြင်း

**မုန်းရဲကြည်လု**မိသားစုများသည် **ရောင်ညောင့်(မ်)ကက်၊ ဟပ်ဘို့လမ်း၊ လောင့်ဖိုင်၊ ခိုင်းဒေါ်၊ မုန်းရဲလှာမ်းထောင်း**ရွာများတွင် ကြည်လုတော်လ်ဝေါက ဦးဆောင်လျက် နှစ်ပေါင်းများစွာကြာ နေထိုင်ခဲ့သည်။

မုန်းရဲလှာမ်းထောင်းရွာတွင် တောင်ယာခုတ်ရန် မြေနေရာများ တဖြည်းဖြည်းရှား ပါးလာရာမှ အချို့မိသားစုများသည် အခြား ရေကြည်ရာမြတ်နရာ နေရာများသို့ အစုလိုက် တဖြည်းဖြည်း ပြောင်းရွှေ့ခဲ့သည်။ ထိုစဉ် မုန်းရဲလှာမ်းထောင်းရွာကို ဦးဆောင် ဦးရွက်ပြုခဲ့သူမှာ ရွာသူကြီး **ဦးချောရှောမ်** နှင့် ၎င်း၏သား ဦးဖြစ်သူ **ဦးတန်ကိန်** တို့ သားအဖ နှစ်ဦးဖြစ်သည်။ ထိုအသားအဖ၏ ဦးဆောင်ဦးရွက်ပြုမှုကြောင့် အခြားမုန်းရဲမိသား စုများနှင့် မုန်းရဲကြည်လုရမ်းဝေါ မိသားစုများသည် လှာမ်းထောင်းရွာတွင် နောင်နှစ်ပေါ င်းများစွာကြာ ဆက်လက် နေထိုင်ခဲ့ကြသည်။

ထို့နောက် ရွာသူကြီး **ဦးတန်ကိ**န်က ဦးဆောင်ပြီး **တကောင့်လ်ကဲဝေါက်ရွာ**သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုရွာတွင်လည်း နှစ်ပေါင်းများစွာနေထိုင်ခဲ့သည်။ **ကြည်လုဦးစောလု**၏ ဦးဆောင်မှုဖြင့် **တကောင့်လ်ထမ်း လာမ်း**ရွာသို့ ပြောင်းရွှေ့ခဲ့သည်။ နှစ်ကာလအားဖြင့် **၁၉၂၀** မှ **၁၉၄၆** အတွင်းဖြစ်ပါသည်။

**၁၉၄၆** ခုနှစ်တွင် တကောင့်လ်ထမ်းလာမ်းရွာမှ **တကောင့်လ် ကူခေါင့်**ရွာသို့ ဦးစောလု၏ ဦးဆောင်မှုဖြင့် ရွာပြောင်းရွှေ့ နေထိုင်ခဲ့သည်။ တကောင့်လ်ထမ်းလာမ်းရွာနှင့်

တကောင့်လ်ကူ့ခေါင်ရွာကြားတွင် **လောင်လော** (အထွတ်အမြတ်ထားကြောင်း အသိအမှတ်ပြု ကျောက်တိုင်) တစ်ခုကိုလည်း စိုက်ထူခဲ့ကြသည်။

ခရစ်နှစ် ၁၉၅၄ ခုနှစ်တွင် **တကောင့်ရှမ်းနာမ်းရွာ**သို့ ဦးကိန်ဝေါ၏ ဦးဆောင်မှုဖြင့် ရွာရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ခရစ်နှစ် **၁၉၆၆** ခုနှစ်တွင် တကောင့်လ်ရှမ်းနာမ်းရွာမှတဆင့် **တကောင့်လ်ရွာ** (တကုန်းချောင်းကမ်းရွာ) သို့ဆက်လက်ပြီး ပြောင်းရွှေ့နေထိုင်လာခဲ့သည်။ ထိုရွာသည် ချောင်းကမ်းနံဘေး ဖြစ်သဖြင့် ပူအိုက်သည်။

၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ လယ်မြေကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် နိုးဆော်လာခြင်းကြောင့်နှင့် ဦးရှန်ဝေါနှင့် ဦးလူးဟော်တို့၏ ပြုပြင်ပြောင်းလဲရေး ဆန္ဒများကြောင့် **ဦးကိန်ဝေါ၊ ဦးစောတန်၊ ဦးစောကန် နှင့် ဦးဝေါက**န်တို့သည် နာယန်းကျေးရွာသူကြီးများဖြစ်သည့် **ဦးထင်ဟာလ်၊ ဦးညဟာလ်၊ ဦးဟာဟာန့်**တို့အား **၁၉၆၇** ခုနှစ်တွင် သွားရောက်တွေ့ဆုံပြီး လယ်မြေ စီမံခန့်ခွဲရေး ကိစ္စနဲ့ စပ်လျဉ်း၍ ပထမဆုံးအကြိမ် ဆွေးနွေးခဲ့သည်။

နားယန်းရွာသူကြီးများက **အင်ရောမ်းရွာသူကြီးများ**နှင့်လည်း ထပ်မံတွေ့ဆုံရန် ညွှန်ကြားပေးခဲ့မှုကြောင့် အင်ရောမ်းရွာသူကြီးများဖြစ်သည့် **ဦးလူခမ်း၊ ဦးလူးဒေါင်နှင့် ဦးဝိုင်း**စောတို့နှင့် ဒုတိယအကြိမ် တွေ့ဆုံခဲ့သည်။ အင်ရောမ်းရွာသူကြီးများက လယ်လုပ်ကိုင်နိုင်ရေးတွင် လယ်မြေ လိုအပ်မှုကို ကူညီဖြေရှင်းပေးခဲ့သည်။ သို့သော် လယ်မြေသစ် ခုတ်ထွင်ရှင်းလင်းရန် ပြင်ဆင်နေစဉ် **နေကြပ်ခြင်း** ဖြစ်သဖြင့် လုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရသည်။

ဒုတိယ အကြိမ်အဖြစ် ဦးကိန်ဝေါ၊ ဦးလူးဟော်နှင့် ဦးဟန်ဟင်(မ်) ၊ ဦးကန်ရှန်တို့ ပါဝင်သော ဆယ်ရောက်ခန့်အဖွဲ့သည် နာယန်းကျေးရွာသူကြီးများနှင့် ဒုတိယ အကြိမ်တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် နာယန်းရွာ၏ လယ်မြေလုပ်စားကွက် ဝန်းကျင်တွင် တကောင့်လ်ကျေးရွာအတွက် လယ်မြေလုပ်စားကွက် တစ်ခုကို သတ်မှတ်ပေးရန် မေတ္တာရပ်ခံ တောင်းဆိုသည်။ ထို့ကြောင့် နာယန်းကျေးရွာသူကြီးများက တောင်ထိပ်ပေါ်က ညောင်ပင် တစ်ပင်နှင့် ဦးဟာလ်ပေါ်လဘက်ခင်းကို နယ်နိမိတ် အမှတ်အသားပြုလျက် လယ်မြေလုပ်စားကွက်ကို သတ်မှတ်ပေးခဲ့သည်။ **၁၉၇၅** ခုနှစ်မှ စ၍ လယ်မြေကို သတ်မှတ်ပေးထားသည့်အတိုင် ခုတ်ထွင်ရှင်းလင်းပြီး လုပ်ကိုင်နိုင်ခဲ့သည်။ ထိုစဉ်က နောင်ဆိုင်ကျေးရွာဟူ၍ မရှိသေးပေ။

**၁၉၇၇** ခုနှစ်တွင် **တကောင့်လ်ရွာ** (တကုန်းချောင်းကမ်းရွာ) မှ လယ်ယာမြေနှင့် နီးစပ်သော **လက်ရှိ တကုန်းကျေးရွာ** နေရာသို့ ပြောင်းရွှေ့ခဲ့သည်။

ပုံ (၃)  တကုန်းကျေးရွာ (တကောင့်လ်ရွာ)ကို စတင်တည်ထောင်ခဲ့သည့် မုန်းရဲကြည်လုရမ်းဝေါ၏ ဆွေစဉ်မျိုးဆက် များ မှတ်တမ်းဓာတ်ပုံ (မှတ်ချက် - လက်ရှိ တကုန်းကျေးရွာတွင် နေထိုင်ကြသော မိသားစုများသာ ပါဝင်သည်)












**၅။ အခြားနာဂမျိုးနွယ်စုများ တကုန်းကျေးရွာသို့ ပြောင်းရွှေ့အခြေချခြင်း**

၁၉၉၃ ခုနှစ်တွင် ဦးရှန်းကျန်နှင့် ဦးဆပ်ဒမ်တို့ဦးဆောင်၍ ကဲဆန်မျိုးနွယ်စု အိမ်ခြေ (၂၂) အိမ်သည် နာယန်းကျေးရွာမှ တကုန်းကျေးရွာသို့ ပြောင်းရွှေ့လာခဲ့သည်။ ထို့နောက် နာယန်းကျေးရွာမှ အိမ်ခြေ (၉) အိမ် ထပ်မံ ပြောင်းရွှေ့လာသည်။ လက်ရှိတွင် တကုန်းကျေးရွာ၌ ကဲဆန်မျိုးနွယ် အိမ်ထောင်စုပေါင်း (၄၂) အိမ်ရှိသည်။ ကြည်လုရမ်းဝေါ မိသားစုမှာ အိမ်ထောင်စု (၁၈) အိမ်ရှိပြီး အခြား တန်ရှန်း နာဂ မျိုးနွယ်စုများလည်းနေထိုင် လျက်ရှိပြီး စုစုပေါင်းအိမ်ခြေ (၆၁)ရှိသည်။ **၂၀၁၈ ဩဂုတ်လ**အထိ တကုန်းကျေးရွာတွင် လူဦးရေ စုစုပေါင်း **(၄၀၄) ဦး** နေထိုင်လျက်ရှိသည်။



ပုံ(၄) ကဲဆန်မျိုးနွယ်စု

## အခန်း (၂)

## ယုံကြည်ကိုးကွယ်မှု၊ ကျေးရွာအုပ်ချုပ်မှု၊ ကျောင်းပညာရေးသမိုင်းအကျဉ်း

### ၁။ ယုံကြည်ကိုးကွယ်မှု

### (၁) ရှေးဦးကိုးကွယ် ယုံကြည်မှု

တကုန်းကျေးရွာနေ သမိုင်းသိ သက်ကြီးသူတို့၏ ပြောဆိုမှုများအရ ဘိုးဘေးတို့လက်ထက် ယုံကြည်ကိုးကွယ်မှုမှာ ရိုးရာနတ်ကိုးကွယ် ယုံကြည်မှုဖြစ်သည်။ သို့သော် ၂၀ ရာစု အစောပိုင်းတွင် ဗုဒ္ဓဘာသာ ဆန်ဆန် ကိုယ်းကွယ်ယုံကြည်မှု စတင်ဖွံ့ဖြိုးလာခဲ့သည်။ ၁၉၄၇-၄၈ ခုနှစ် တွင် **အလောင်းခေါ် ဘုရားလောင်း**ပွင့်ခဲ့ရာ **ဘုရားစေတီတော်များ**ဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ ဘုရားဆင်းတုတော် များကိုလည်း **စွန်ရဲ**ပုံများဖြင့် မွမ်းမံဆင်ယင်ထားသည်။ ပါဠိစာပေကျမ်းဂမ်များကိုလည်း သင်ကြားသည်။ သို့သော် ဘုရားလောင်းသည် ၎င်း၏ သီလကျင့်ဝတ်များကို လိုက်နာနိုင်ခြင်းမရှိဘဲ ဖောက်ဖျက်သောကြောင့် ဘုရားလောင်း ပါဠိစာပေကျမ်းဂမ်ဖွံ့ဖြိုးမှုများမရှိတော့ဘဲ ဘုရားလောင်းအပေါ် ယုံကြည်ကိုး ကွယ်မှုများ ပျောက်ပျက်ခဲ့သည်။ ထို့နောက် ရိုးရာဓလေ့ နတ်ကိုးကွယ် ယုံကြည်မှုကို ကျင့်သုံးခဲ့သည်။

### (၂) ခရစ်ယာန် သာသနာပြုဆရာများ ရောက်ရှိလာခြင်း

၁၉၅၉ ခုနှစ်တွင် တကုန်းကျေးရွာ ဒေသခံ ဦးကန်ဇော် မိသားစုမှ ရိုးရာဓလေ့အရ ကျင်းပသည့် သူဌေးဂုဏ်ဆောင် ကျွဲသတ်စားပွဲနေ့ရက်တွင် မောင်မတ်ကန်နှင့် နန်းယွန်း ကေဘီစီမှ သိက္ခာတော်ရ ဆရာကြီး ဦးစင်ဝါးဘောက်တို့ အဖွဲ့ ရောက်ရှိလာသည်။ ယင်းအဖွဲ့က အသက်ရှင်တော်မူသော ယေရှုခရစ်တော်၏ သတင်းကောင်းကို ပထမဆုံး အကြိမ်ဟောပြော သွန်သင်ခဲ့သည်။ ထိုသာသနာပြုအဖွဲ့မှ ခရစ်ယာန် သမ္မာကျမ်းစာအုပ် တစ်အုပ် ကိုလည်းကျေးရွာအတွက် ပေးအပ်လှူဒါန်းခဲ့သည်။

### (၃) နှစ်ခြင်း ခရစ်ယာန်ဘာသာတရားသို့ ကူးပြောင်းယုံကြည်လာခြင်း

တကုန်းကျေးရွာတွင် ဘုရားဝတ်ပြုကိုးကွယ်ခြင်းကို ပထမဦးဆုံး ဦးဆောင်ဦးရွက်ပြုခဲ့သူများမှာ ကျောင်းပညာရေးကို သင်ကြားနိုင်ခဲ့သည့် တကုန်းကျေးရွာ ဒေသခံ ကျောင်းသားများဖြစ်သည့် မောင်မတ်ကန်၊ မောင်လူးဟော်၊ မောင်ခမ်ရှန်နှင့် မောင်ရှန်ဝေါတို့ ဖြစ်သည်။ ၎င်းတို့သည် ၁၉၅၃-၅၄ ခုနှစ်တွင် ရွာသို့ ရောက်ရှိလာပြီး ခရစ်ယာန်တို့၏ ဝတ္တရားရှိသည့်အတိုင်း ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင် ပေးနိုင်ခဲ့သည်။

၁၉၆၀ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် ရိုးရာနတ်ကိုးကွယ် ယုံကြည်မှု ဘာသာတရားမှ ယေရှုခရစ်တော်ဘုရားအား မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံသော ခရစ်ယာန်ဘာသာတရားသို့ သက်ဝင်ယုံကြည်လာကြသည်။ ထိုနေ့၌ အိမ်ထောင်မိသားစုပေါင်း (၁၁) အိမ် ၊ ကျား (၃၂) ဦးနှင့် မ (၄၈) စုစုပေါင်း (၈၀) ဦး နှစ်ခြင်းခရစ်ယာန်သို့ အသင်းဝင်ခဲ့သည်။ တကုန်းကျေးရွာ အိမ်ထောင်မိသားစုများ အသင်းဝင်သောနေ့တွင် လာရောက်ခဲ့သော ဓမ္မဆရာများမှာ Rev. စင်ဝါးဘောက်၊ ဦးတူးလွမ်၊ ဆရာမဒေါ် လမုန်ထန်နှင့် နန်းယွန်းမြို့နယ် ယေင်ဒွေးကျေးရွာမှ ဦးကိမ်းယောင်းနှင့် ဦးရှောင်ကယ် တို့ဖြစ်သည်။

**ဇယား(၁) ၁၉၆၀ မှ ၂၀၁၉ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ဓမ္မအမှုတော်ဆောင်များ အမည်စာရင်း**

| စဉ် | အမည် | တာဝန် / ကဏ္ဍ | ခုနှစ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးတန်ရှန် | သင်းအုပ် | ၁၉၆၃ မှ ၁၉၈၂ | ပထမဆုံး သင်းအုပ် |
| ၂ | ဦးဇော်ဝေါ | တွဲသင်းအုပ် | ၁၉၇၄ မှ ၂၀၀၈ | |
| ၃ | ဦးချင်းတူး | သင်းအုပ် | ၁၉၈၈ မှ ၂၀၀၉ | လက်ရှိ သိက္ခာတော်ရဆရာ |
| ၄ | ဦးဇော်ဝေါ | ။ | ၂၀၀၉ မှ ၂၀၁၃ | လက်ရှိ သင်းထောက်ဆရာ |
| ၅ | ဦးဇော်နင်း | ။ | ၂၀၁၃ မှ ယနေ့ထိ | |
| ၆ | ဦးတူရှန် | တွဲသင်းအုပ် | ။ | |
| ၇ | ဦးနာသောင်း | သင်းထောက် | ။ | |
| ၈ | ဦးဝေါတန် | သင်းထောက် | ၁၉၈၆ မှ ယနေ့ထိ | |
| ၉ | ဦးရှန်စော | ဇဝံဂေလိ | ၂၀၁၉မှ - ယနေ့ထိ | |
| ၁၀ | ဒေါ်ခင်ဆိုင်းနှင်မ် | အမျိုးသမီး | ၂၀၁၈ -ယနေ့ထိ | |
| ၁၁ | ဒေါ်နှင်မ်ပုံ | ဓမ္မပညာ | ၂၀၁၄ မှ ယနေ့ထိ | |

**ဇယား(၂) တကုန်းနှစ်ခြင်း အသင်းတော်မှ သာသနာပြုပေးခဲ့သည့် ကျေးရွာများပြဇယား**

| ကျေးရွာအမည် | ကျေးရွာသူကြီးအမည် | သင်းဝင်အိမ်ခြေ | နေ့စွဲ |
|---|---|---|---|
| အင်ရောင်းရွာ | ဦးနားည | ၁၁ | ၁၇.၂.၁၉၆၇ |
| ဖာယုန်းရွာ | ဦးမိုင်ဝေါ | - | ၅.၂.၁၉၇၁ |
| တကုန်းဆောင်တမ် | ဦးရှမ်းလိုင်း | ၆ | ၁၅.၁.၁၉၈၄ |
| နူချောင်း | ဦးနူပ | ၇ | ၁၉၆၉ |

## (၄) သီးခြားအသင်းတော်အဖြစ် ရပ်တည်ခြင်း

၁၉၈၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တကုန်းနှင့် နောင်ဆိုင်ကျေးရွာရှိ ခရစ်ယာန် အိမ်ထောင်မိသားစုများသည် တကုန်း+နောင်ဆိုင်အသင်းတော် တစ်ပါးအဖြစ်သာ ဖွဲ့စည်းရပ်တည်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် လယ်ယာမြေနှင့် နီးစပ်သော လက်ရှိ တကုန်းကျေးရွာ နေရာသစ်သို့ ရွာတည်နေရာ ပြောင်းရွှေ့သောအချိန် မှစ၍ ဘုရားရှိခိုးကျောင်း သီးခြားတစ်ဆောင်ကိုလည်း ဆောက်လုပ်ခဲ့သည်။ တကုန်း+နောင်ဆိုင်တွင် သီးခြား ဘုရာရှိခိုးကျောင်းများ ရှိနေလင့် အသင်းတော် တစ်ပါးအဖြစ်ပင် စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲပြီး အမှုတော်မြတ်ကို တာဝန်ယူဆောင်ရွက်နိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် တကုန်းကျေးရွာ လူကြီးများနှင့် အသင်းတော်လူကြီးများ၏ အစည်းအဝေးပွဲတွင် တကုန်းနှင့် နောင်ဆိုင်သည် သီးခြားအသင်းတော်များ အဖြစ် ဖွဲ့စည်းရပ်တည်ကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုသဘောတူ ဆုံးဖြတ်ချက်များကိုလည်း နန်းယွန်းနှစ်ခြင်း အသင်းတော်များအဖွဲ့ အလုပ်အမှုဆောင် အစည်းအဝေးပွဲသို့ လျှောက်ထား တင်ပြခဲ့သည်။



*ပုံ (၅) တကုန်းနှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း*

ထို့ကြောင့် ၆၊ ၁၂၊ ၂၀၀၉ ခုနှစ်တွင် ပန်ဆောင်မြို့နယ်ခွဲ၊ ပန်ဆောင်နှစ်ခြင်း အသင်းတော်များ သင်းလုံးကျွတ် ဓမ္မသဘင် အစည်းအဝေးပွဲ၌ တက်ရောက်လာကြသည့် အသင်းတော် ကိုယ်စားလှယ်များက တကုန်း၊ နောင်ဆိုင် ကျေးရွာများ၌ သီးခြားအသင်းတော်များဖြစ် ဖွဲ့စည်းရပ်တည်နိုင်ရေးအတွက် သဘောတူညီပေးပြီးလျှင် ဆက်ကပ်ဆုတောင်း ပေးခဲ့ကြသည်။ အသင်းတော် ကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ ယင်းအသင်းတော်ကော်မတီဝင် အမည်စာရင်းမှာ...

**၁။ ဦးဇော်ဝေါ (သင်းအုပ်) ၂။ ဦးဝေါရှန် (ဥက္ကဌ) ၃။ ဦးတူရှန် (အတွင်းရေးမှူး) ၄။ ဦးဝေါတန် (ဘဏ္ဍာထိန်း) ၅။ ဦးတူဟင်မ် (စာရင်းစစ်-၁) ဦးရှန်းကျန်း (စာရင်းစစ်-၂) ၇။ ဦးဇော်နင်း (လူငယ်ခေါင်းဆောင်) ၈။ ဦးဖာတမ်မွေဆဒ် (အဖွဲ့ဝင်) ၉။ မဒမ်ရိ (အမျိုးသမီးခေါင်းဆောင်)** တို့ဖြစ်ကြသည်။



ပုံ (၆) တကုန်းနှစ်ခြင်း ရခရစ်ယာန် အသင်းတော်မှ အချို့သော ဆရာများ



*ပုံ(၇) တကုန်းနစ်ခြင်း ခရစ်ယာန် အမျိုးသမီးအဖွဲ့*



*ပုံ(၈) တကုန်းနစ်ခြင်းခရစ်ယာန် လူငယ်များအဖွဲ့*

## ၂။ ကျေးရွာအုပ်ချုပ်မှု သမိုင်း

တကုန်းကျေးရွာ၏ ရှေးဦး ရွာသူကြီး (မုန်းတူ)အုပ်ချုပ်မှု စနစ်သည် ၁၉ ရာစုမှ ၁၉၇၄ ခုနှစ်အထိ ကြာညောင်းခဲ့သည်။ တစ်နည်းအားဖြင့် ယင်းစနစ်သည် ဇော်ဘွား စနစ်ပင်ဖြစ်သည်။ ကျေးရွာတွင်း အထွေထွေရေးရာ ကိစ္စအားလုံးအတွက် ရွာသူကြီးများက ဆုံးဖြတ်ချက်ချ ပေးနိုင်ခဲ့သည်။ မုန်းတူ ရွာသူကြီးသည် မည်သည့် အမှုကိစ္စ ပြဿနာကိုမဆို တစ်ချက်လွှတ်

အမိန့်ဖြင့် ဆုံးဖြတ်ချက်ချ ဖြေရှင်းပေးခဲ့သည်။ ရွာသူကြီး သေဆုံးသွားလျှင် ၎င်း၏သားကြီးသည် အလိုအလျောက်ပင် ကျေးရွာသူကြီး ဖြစ်လာလေ့ ရှိသည်။

၁၉၇၄ နောက်ပိုင်းတွင် မြန်မာနိုင်ငံတော် အစိုးရ၏ ညွှန်ကြားချက်အတိုင်းပင် ကျေးရွာကို ခေတ်အဆက်ဆက် အုပ်ချုပ်လာသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အစိုးရနှင့် ကျေးရွာလူထုကြားတွင် သံတမန်သဖွယ် ကူညီဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများကို မဲစနစ်ဖြင့် ကျေးရွာမှ သင့်တော်သည့် ပုဂ္ဂိုလ်များကို ခန့်အပ်သည်။ ၎င်းတို့၏ တာဝန်များမှာ နိုင်ငံတော်အစိုးရ ဌာနများနှင့် ကျေးရွာရှိ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ရည်ရွယ်လုပ်ကိုင်ခြင်း တို့ပါဝင်သည်။

**ဇယား(၃) ၁၉၇၄ မှ ၂၀၁၉ ခုနှစ်အထိ ကျေးရွာ အုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များတို့၏ အမည်**

| ခုနှစ် | အမည် | ရာထူး /တာဝန် | ခုနှစ် | အမည် | ရာထူး/တာဝန် |
|---|---|---|---|---|---|
| ၁၉၇၄<br>မှ<br>၁၉၇၈ | ဦးကျင်ဝေါ<br>ဦးကွမ်းဒုန်<br>ဦးပွန်နောင် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၄ မှ<br>၂၀၀၅ | ဦးရိန်ငင်း<br>ဦးအောင်ပေါ်<br>ဦးယောင်းဝါ<br>ဦးတူးချင်း | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၇၈<br>မှ<br>၁၉၈၅ | ဦးဝေါ့ရှန်<br>ဦးပွန်နောင်<br>ဦးကန်ဝန် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၅ မှ<br>၂၀၀၆ | ဦးဆန်းနတ်<br>ဦးအောင်ပေါ်<br>ဦးဘန်းဇာ<br>ဦးကိုင်းဝမ်း | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၈၅<br>မှ<br>၁၉၈၆ | ဦးဝေါ့ရှန်<br>ဦးငိုင်ကောပ်<br>ဦးကန်ဝန် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၆ | ဦးဘန်ဇာ<br>ဦးတူဟင်(မ်)<br>ဦးဆန်းနူ<br>ဦးကိုင်းဝမ်း | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၈၅<br>မှ<br>၁၉၈၉ | ဦးငိုင်ကော(ပ်)<br>ဦးတူရှန်<br>ဦးရှမ်းရင် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၇ မှ<br>၂၀၁၁ | ဦးဆန်းနတ်<br>ဦးတူဟင်(မ်)<br>ဦးယိန်ဝါး<br>ဦးတွန်းငန် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၈၉<br>မှ<br>၁၉၉၄ | ဦးတူရှန်<br>ဦးနင်းကော<br>ဦးဝေါ့ရိုင် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၁၂ မှ<br>၂၀၁၅ | ဦးကန်နောင်<br>ဦးအောင်ကင်<br>ဦးရန်းကောင်း | အုပ်စုအုပ်ချုပ်ရေးမှူး<br>ဆယ်အိမ်မှူး<br>ရာအိမ်မှူး(နောင်ဆိုင်) |

| | | | | | |
|---|---|---|---|---|---|
| ၁၉၉၄ မှ ၁၉၉၉ | ဦးကန်ဝန်<br>ဦးပွန်နောင်<br>ဝေါရှန်<br>ဦးကဲမုန် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် | ၂၀၁၅ မှ ယနေ့ထိ (၂၀၁၉) | ဦးဒေလောင်<br>ဦးတူးချင်း<br>ဦးအောင်ကင် | အုပ်စုအုပ်ချုပ်ရေးမှူး<br>ကျေးရွာတာဝန်ခံ<br>ရာအိမ်မှူး (တကုန်း) |
| ၁၉၉၉ မှ ၂၀၀၄ | ဦးဟင်(မ်)ရှန်<br>ဦးကဒ်ဆင်(မ်)<br>ဦးရိန်းငင်<br>ဦးငန်းယော | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် | | | |



ပုံ(၉) ကျေးရွာအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများ (၂၀၁၉ ခုနှစ်)

၃။ ကျေးရွာရှိ အဖွဲ့အစည်းများ

### (၁) နာဂရိုးရာ ယဉ်ကျေးမှု အဖွဲ့

နာဂရိုးရာယဉ်ကျေးမှု အဖွဲ့သည် ရိုးရာထုံးတမ်း ဓလေ့နှင့် စပ်ဆိုင်၍ ကိစ္စအဝဝကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ ရိုးရာပွဲလမ်းသဘင်များကို စီစဉ်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားရန် ညွှန်ကြားခြင်းတို့တွင် ဦးဆောင်ဦးရွက် ပြုပေးသည်။

### (၂) ရပ်မိရပ်ဖများ

ကျေးရွာပြည်သူနှင့် ရပ်ရွာ အခြေပြု အဖွဲ့အစည်းများအတွက် နည်းလမ်းကောင်းများကို ညွှန်ကြားပြသ ပေးနိုင်သည့် သက်ကြီးရွယ်အိုများကို ကျေးရွာရပ်မိရပ်ဖများ အဖြစ် ရွေးချယ်ခန့်အပ်သည်။ ၎င်းရပ်မိရပ်ဖများသည် ကျေးရွာနောက်ခံသမိုင်းကို နှံ့စပ်စွာ သိရှိထားသူများဖြစ်သည်။ ထို့ကြောင့် ကျေးရွာ၏ ဘုံသဘောတူဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အကူအညီပေးနိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

### (၃) ဘာသာရေး အဖွဲ့အစည်းများ

တကုန်းကျေးရွာတွင် နှစ်ခြင်းခရစ်ယာန် ဘာသာရေးအဖွဲ့အစည်းများသာ ရှိသည်။ ၎င်းတို့မှာ အသင်းတော် ကော်မတီ၊ အသင်းတော် အမျိုးသမီးအဖွဲ့၊ လူငယ်နှင့် ဆန်းဒေးစကူးလ် အဖွဲ့များတို့ ဖြစ်ကြသည်။ ဘာသာရေး အဖွဲ့အစည်းများသည် ဘာသာရေး ပွဲလမ်းသဘင်များနှင့် အရေးကြီးသည့် ကိစ္စများတွင် အချင်းချင်း ကူညီဖေးမခြင်း၊ ကျေးရွာ၏ ပွဲလမ်းသဘင်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အစဉ်အမြဲ ပြုလုပ်ကြသည်။

### (၄) ကျေးရွာလူငယ်အဖွဲ့အစည်း

ကျေးရွာ လူငယ်အဖွဲ့အစည်းသည် ရိုးရာယဉ်ကျေးမှု ကိစ္စရပ်များကို မြတ်နိုးဆောင်ရွက်ခြင်း၊ ကျေးရွာ စည်ပင်သာယာရေးအတွက် အိမ်မွေး တိရိစ္ဆာန်များ စနစ်တကျ ထိန်းကျောင်းမှု ရှိ/မရှိ စိစစ်ပေးခြင်း၊ မူးယစ်ဆေးဝါး ထိန်းသိမ်းခြင်းနှင့် မူးယစ်ရမ်းကားသူများကို ထိန်းသိမ်းခြင်း စသည့် လုပ်ငန်းကဏ္ဍများတွင် အဓိက တာဝန်ယူ ဆောင်ရွက်လျက် ရှိသည်။

## ၄။ ပညာရေး ကဏ္ဍ

တကုန်းကျေးရွာတွင် ၁၉၅၉ မှ ၁၉၇၉ ခုနှစ်ထိ ကျောင်းပညာရေးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် သင်ကြားပေးနိုင်ခဲ့သည်။ ၁၉၇၉ မှ ၁၉၉၃ ခုနှစ်များတွင် ယခင် အင်ရောမ်းရွာရှိ အစိုးရ အ.မ.က ကျောင်းနှင့် တွဲဖက်ပြီး တကုန်းကျေးရွာတွင် ဆက်လက် ပညာသင်ကြားပေးခဲ့သည်။

၁၉၉၃ ခုနှစ်တွင် တကုန်းကျေးရွာ၌ အစိုးရ၏ အ.မ.က ကျောင်း ဆိုင်ရှင် ရရှိခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ်တွင် အမှတ် (၂) အခြေခံဦးစီးဌာန မုံရွာမြို့၏ ၂၄.၄.၂၀၁၉ နေ့စွဲပါ စာအမှတ် ဌာနခွဲ(၅၁၂/၂၇၄၃) အရ နှစ်ထပ်ဆောင် စာသင်ကျောင်း ဆောက်လုပ်ရန် ဘတ်ဂျက်ငွေကျပ် သိန်း (၁၀၀) ကို ရရှိခဲ့သည်။ ထိုကျောင်းဆောင်ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြင့် လက်ထက်၌ ဆောက်လုပ် ပြီးစီးခဲ့သည်။

| ဇယား (၄) ကိုယ်ထူကိုယ်ထ စနစ်တွင် ကျောင်းပညာ သင်ကြားပေးခဲ့ကြသော စေတနာရှင် ပညာဒါနပြု ဆရာ/ မ များ၏ အမည် စာရင်း | | | | ယခင်အင်ရောင်း အစိုးရကျောင်းနှင့် တွဲဖက်၍ တကုန်းကျေး ရွာ၌ ပညာသင်ကြားပေးသည့် ဆရာ /မ များတို့၏ အမည် | | | |
|---|---|---|---|---|---|---|---|
| စဉ် | အမည် | တာဝန် | ခုနှစ် | စဉ် | အမည် | တာဝန် | ခုနှစ် |
| | | | | | | | |
| ၁ | ဦးမိတ်ကန် | လုပ်အားပေး | ၁၉၅၇-၅၈ | ၁ | ဦးကေနတ် | မူအုပ် | ၁၉၇၉-၉၁ |
| ၂ | ဦးလူးဟော် | ။ | ၁၉၆၅-၆၆ | ၂ | ဦးရန်လုံး | မူပြ | ၁၉၈၂-၉၁ |
| ၃ | ဦးခမ်ရှန် | ။ | ၁၉၆၇-၆၈ | ၃ | ဦးဝေါတန် | လုပ်အားပေး | ၁၉၇၈-၈၆ |
| ၄ | ဦးရှန်ဝေါ | ။ | ၁၉၆၈-၇၁ | ၄ | ဦးခွန်းတူ | မူအုပ် | ၁၉၉၁-၉၃ |
| ၅ | ဒေါ်ယော်ဖျန်း | ။ | ၁၉၇၁-၇၂ | ၅ | ဦးအောင်ကျော်မြင့် | မူအုပ်(တွဲ) | ၁၉၉၁-၉၂ |
| ၆ | ဦးခမ်ကန် | ။ | ၁၉၇၃-၇၄ | ၆ | ဒေါ်ဆိုဒ်နိမ် | ထလသ | ၁၉၉၁-၉၂ |
| ၇ | ဦးဝေါတန် | ။ | ၁၉၇၇-၈၆ | | | | |
| | | | | | | | |

| တကုန်း အ.မ.က ကျောင်းတွင် တာဝန်ထမ်းဆောင်သည့် အစိုးရ ပညာရေးဝန်ထမ်းများ၏ အမည်စာရင်း | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမည် | ရာထူး၊ တာဝန် | ပညာအရည်အချင်း | ခုနှစ် | နေရပ်လိပ်စာ | မှတ်ချက် |
| ၁ | ဦးအောင်ကျော်မြင့် | မူအုပ် | ဖွံ့ဖြိုးရေးဆင်း | ၁၉၉၃-၂၀၁၂ | ဖာကျက် | ကွယ်လွန် |
| ၂ | ဒေါ်ဆိုဒ်နိမ် | ထလသ | - | ၁၉၉၄-၂၀၀၃ | တကုန်း | |
| ၃ | ဒေါ်တောနွမ်း | ။ | - | ၁၉၉၂-၉၄ | ။ | ကွယ်လွန် |
| ၄ | ဦးသွယ်ချော | လုပ်အားပေး | - | ၂၀၀၂-၂၀၀၃ | ။ | |
| ၅ | ဒေါ်နိမ်ပုန် | ။ | - | ၂၀၁၂-၁၄ | ။ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ဦးချောတူ | ။ | - | ၂၀၀၇-၂၀၀၈ | ။ | |
| ၇ | ဦးရှယ်လောင် | မူပြ | ဖွံ့ဖြိုးရေးဆင်း | ၁၉၉၆-၉၉ | ဖာကျက် | |
| ၈ | ဦးချောအောင် | မူအုပ် | ။ | ၂၀၁၃-ယနေ့ထိ | တကုန်း | |
| ၉ | ဒေါ်ယဉ်မိန် | ထလသ | - | ၁၉၉၅-၂၀၀၁ | ။ | |
| ၁၀ | ဒေါ်လန်းနေလင်း | မူပြ | ဆယ်တန်းအောင် | ၂၀၁၃-၁၆ | ဟုမ္မလင်း | ပြောင်းသွား |
| ၁၁ | ဒေါ်နန္ဒာလင်း | ။ | ။ | ၂၀၁၄-၂၀၁၇ | ရှင်ဘွေယန် | ။ |
| ၁၂ | ဒေါ်ယဉ်နဲ | ။ | - | ။ | နန်းယွန်း | ။ |
| ၁၃ | ဒေါ်ခွန်ကော့ | ။ | ဆယ်တန်းအောင် | ။ | ။ | ။ |
| ၁၄ | ဦးစိုးမိုးအောင် | ။ | B.A | ၂၀၁၇-၁၈ | - | ။ |
| ၁၅ | ဒေါ်ယုယုလွင် | ။ | ။ | ။ | - | ။ |
| ၁၆ | ဒေါ်သိမ့်လဲ့လဲ့စိုး | ။ | ။ | ။ | - | ။ |
| ၁၇ | ဒေါ်အေးဝင်းသူ | ။ | ။ | ၂၀၁၇-၂၀၂၀ | | |
| ၁၈ | ဒေါ်ရွှမ်းနား | ။ | - | ၂၀၁၆-၁၇ | ပန်ဆောင် | ။ |
| ၁၉ | ဒေါ်ညောင်စော့ကျိန် | ။ | ။ | ၂၀၁၉-၂၀၂၀ | - | |
| ၂၀ | ဒေါ်ရော်ဇာ | ။ | - | ။ | ပန်ဆောင် | |

ဇယား(၅)  တကုန်းကျေးရွာမှ ပညာ့ရတနာ အသီးအပွင့် ဝန်ထမ်းများတို့၏ အမည်စာရင်း

| စဉ် | အမည် | လက်ရှိ တာဝန်/ ရာထူး | နေရပ်လိပ်စာ | |
|---|---|---|---|---|
| ၁ | ဦးချောကန် | မူအုပ် (ငြိမ်း) | လမုန်ရွာ | |
| ၂ | ခမ်တန် | ။ | နန်းယွန်းမြို့ | |
| ၃ | ဦးကန်နောင် | ထလသ (ငြိမ်း) | နောင်ကုလုကျေးရွာ | |
| ၄ | ဦးနှင်းဖော် | မူပြ | အ.မ.က တကုန်း | |
| ၅ | ဦးအောင်ဒင် | မူအုပ် | အ.မ.က လူလွန်း | |
| ၆ | ဦးသူချော | စာရေး | အ.ထ.က ပန်ဆောင် | |
| ၇ | ဦးအောင်တော် | မူပြ | အ.မ.က ကိုင်းဆန်ကြူယန်း | |
| ၈ | ဦးအောင်ဝေါ | စာရေး (တရားရေး) | နန်းယွန်းမြို့ | |
| ၉ | ဦးအောင်တူ | ထ.လ.သ ( ) | အ.မ.က ကြူယန်းဆာရွတ် | |
| ၁၀ | ဦးကန်တူ | ။ ( ) | အ.မ.က ရှောက်ရား | |
| ၁၁ | ဦးနတ်တူ | ။( ) | အ.မ.က နာလင်း(မ်) | |
| ၁၂ | ဦးအောင်ဖော် | လယ်ပြ | အ.ထ.က ပန်ဆောင် | |
| ၁၃ | ဦးကိန်နောင် | မူအုပ် | အ.မ.က ကြားဝမ် | |

| | | | | |
|---|---|---|---|---|
| ၁၄ | ဦးချော်အောင် | ။ | အ.မ.က ဟူလောင်း | |
| ၁၅ | ဦးရှန်ဇော | သင်းအုပ်ဆရာ | တနိုင်းနှစ်ခြင်းအသင်းတော် | |
| ၁၆ | ဦးဝေါခွန် | စာရေး (မ.ယ.က) | နန်းယွန်း | |
| ၁၇ | ဦးတူဟင်မ် | အတွင်းရေးမှူး | တကုန်းကျေးရွာ | |
| ၁၈ | ဦးဟင်မ်တန် | ရပ်မိရပ်ဖ | ။ | |
| ၁၉ | ဦးအောင်ပေါ် | အဖွဲ့ဝင် (ယယက) | ။ | |
| ၂၀ | ဦးဟိန်နောင် | တရားရေး | နန်းယွန်းမြို့ | |
| ၂၁ | ဦးနောင်ရွှေ | ညစောင့် (ကျောင်းကျန်းမာရေး) | ပန်ဆောင်မြို့ | |
| ၂၂ | ဦးတူရှန် | ဘာသာရေး အမှုဆောင် | တကုန်းကျေးရွာ | |
| ၂၃ | ဒေါ်ယောရီ | မူပြ | အ.မ.က ကော်လွန်း | |
| ၂၄ | ဒေါ်ယောဆိုင် | ဘာသာရေး | ပန်ဆောင်မြို့ | |
| ၂၅ | ဒေါ်ဆိုဒ်နီမ် | ထ.လ.သ | အ.မ.က ဆန်းတီး | |
| ၂၆ | ဒေါ်ဆိုင်းညိုင် | ။ | အ.မ.က ဟခွန်းနတ်ညို | |
| ၂၇ | ဒေါ်ယောထု | မူပြ | အ.မ.က နားလုန် | |
| ၂၈ | ဒေါ်ယောခင် | လယ်ပြ | အ.ထ.က နန်းယွန်း | |
| ၂၉ | ဒေါ်ယောတင့် | အိမ်တွင်းမှု နည်းပြ | နန်းယွန်းမြို့ | |
| ၃၀ | ဒေါ်ဆိုဒ်မိန် | ဘာသာရေးဆရာမ | တကုန်းရွာ | |
| ၃၁ | ဦးဇော်နင်း | ဘာသာရေး | တကုန်းရွာ | |
| ၃၂ | ဒေါ်ယောရွယ် | ရပ်ကျေးစာရေး (ထွေအုပ်) | နန်းယွန်းမြို့ | |
| ၃၃ | ဦးဝေါဇော် | | ။ | ပထဝီဝင် ဒုတိယနှစ် |




**ပုံ(၁၀) တကုန်း အ.မ.က ကျောင်း**



*ပုံ (၁၁) ၂၀၁၉ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည့် အစိုးရကျောင်းဆောင်သစ်*

## အခန်း (၂)

## ရိုးရာဓလေ့ထုံးတမ်းအရ မြေယာစီမံခန့်ခွဲခြင်း

### (က) မြေအမျိုးအစား နှင့် အသုံးချမှု

တကုန်းကျေးရွာ၏ မြေယာပိုင်ဆိုင်မှုကို (၁)လယ်မြေ၊ (၂) တောင်ယာမြေ၊ (၃) ရေထိန်းတော၊ (၄)စားကျက်မြေ၊ (၅) ကျေးရွာပိုင်ထိန်းတော၊ (၆) ဝင်ငွေရ သီးနှံစိုက်ပျိုးမြေ၊ (၇) သုသာန်မြေ၊ (၈) ကျေးရွာတိုးချဲ့မြေ (၉) သမိုင်းဝင် အထင်ကရမြေ၊ (၁၀) သာသနာပိုင်မြေ၊ (၁၁) ကျေးရွာလူထု၏ ဘုံပိုင်မြေ နှင့် (၁၂) ရိုးရာအဖွဲ့အစည်း ပိုင်မြေဟူ၍ မြေအမျိုးအစားများကို ခွဲခြား သတ်မှတ် နိုင်သည်။

ဤမြေအမျိုးအစားများအနက် တကုန်းကျေးရွာအတွင်းရှိ ဘုရားကျောင်းဝင်း၊ စာသင်ကျောင်း ဝင်း စသည့် အချို့ ဘုံပိုင်မြေများမှအပ ကျန်မြေအမျိုးအစား အများစုကို တကုန်းနှင့် နောင်ဆိုင် ကျေးရွာ ဒေသခံများက အတူတကွ စုပေါင်းပိုင်ဆိုင်ထားကြသည်။

### ၁။ လယ်မြေ (Naix)

လယ်မြေပိုင်ဆိုင် လုပ်ကိုင်ခြင်းသည် တကုန်းကျေးရွာနေ ပြည်သူတို့၏ အဓိက မှီခို အားထားရသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုဖြစ်သည်။ လယ်မြေသည် ဘိုးဘွားပိုင် အမွေဥစ္စာတစ်ခု ဖြစ်ပြီး အချိန်မရွေး လက်လှမ်းမီနိုင်သည့် ကုန်ထုတ်အရင်း အမြစ်တစ်ခု ဖြစ်သည်။ စုစုပေါင်း လယ်မြေ **(၁၀၂၁) ဧက** ရှိသည်။

### ၂။ အနားပေး ရွှေ့ပြောင်းတောင်ယာမြေ (Khak Rawx Wak)

နေ့စဉ် လတ်တလော လူမှုဘဝ လိုအပ်ချက် အဖုန်ဖုန်ကို ဖြည့်း ဆည်းနိုင်ရေးအတွက် တောင်ယာလုပ်ငန်းကို နှစ်စဉ် လုပ်ကိုင်ကြရသည်။ ဘိုးဘွားတို့ လက်ထက်၌ လူဦးရေ နည်းပါးသောကြောင့် တောရိုင်း (Mann Phyai)ကိုသာ တောင်ယာသစ်အဖြစ် နှစ်စဉ် ရှင်းလင်း လုပ်ကိုင်ခဲ့သည်။

၁၉၇၀ ဝန်းကျင် နောက်ပိုင်းတွင် လူဦးရေထူထပ်လာပြီး မြေနေရာများ ရှားပါးလာခြင်းကြောင့် တောနမြေ (Yawq Phyai) တောများကိုလည်း အလည့်ကျအနားပေး စနစ်ဖြင့် လုပ်ကိုင်လာကြရသည်။ အိမ်ထောင်မိသား စုတိုင်းသည် လယ်မြေနှင့် တောင်ယာကို နှစ်စဉ်ရာ

သီအလိုက် မဖြစ်မနေ စိုက်ပျိုးလုပ်ကိုင်သည်။ တကုန်းကျေးရွာ၏ ရွှေ့ပြောင်းတောင်ယာမြေ အကျယ်အဝန်းမှာ စုစုပေါင်း **(၁၆၁၈) ဧက** ရှိသည်။

**၃။ ရေထိန်းတော (Khamxlawq Akanx Hak)**



**ပုံ(၁၂) ကျေးရွာတွင်း သောက်သုံးရေ အရင်းအမြစ်များ ရရှိမှု**

တကုန်းနှင့် နောင်ဆိုင် ကျေးရွာပိုင် ရေထိန်းတောများသည် ကျေးရွာပိုင် နစ်ရွာပေါင်း ကာကွယ်တောများဖြစ်သည်။ တနည်းအားဖြင့် လုံးဝကာကွယ်ထားရှိသည့် ရိုးရာထိန်းတောဖြစ်သည်။ လက်ရှိ တကုန်းကျေးရွာ၏ အဓိက သောက်သုံးရေအရင်းအမြစ် စမ်းချောင်း (၅) ခုသည် ထိုကျေးရွာပိုင် ထိန်းတောများမှ စတင်စီးဆင်းလာကြသည်။ ရေထိန်းတော မြေနေရာ၏ စုစုပေါင်း အကျယ်အဝန်းမှာ **(၃၀၅) ဧက** ဖြစ်သည်။

**၄။ စားကျက်မြေ (Ngai Kar )**

ရွာ၏ အနောက်တောင်ဘက်ရှိ တကုန်းကျေးရွာဟောင်း ကုန်းမြေသည် စားကျက်မြေဖြစ်သည်။ အဓိကအားဖြင့် ကျွဲနှင့် နွားကို စားကျက်ချထားလျက်ရှိသည်။ ဆိတ်ကို ရွာပြင်ပတွင် စာကျက်ထားပါက ပျောက်ဆုံးပျက်စီးသည့် အတွေ့အကြုံများရှိသောကြောင့် ကျေးရွာရှိ အိမ်ဘေး စားကျက် နေရာများတွင် စာကျက်ချသည်။ စကျက်မြေမှာ **(၂၃၀) ဧက** ကျယ်ဝန်းပါသည်။

**၅။ ကျေးရွာပိုင်ထိန်းတော (Hakshungz Lawq akanx Hak)**

ကျေးရွာပိုင်ထိန်းတော တည်တံ့ရေးသည် ကျေးရွာလူထုအတွက် အသက်နှင့်အမျှပင် လွန်စွာ အရေးပါလျက်ရှိသည်။ နာဂရိုးရာ အိမ်ဆောက်လုပ်ရာတွင် လိုအပ်သည့် သစ်ကြီး၊ ဝါးကြီး ပင်များအပြင် သစ်ဝါးအရွယ်မျိုးစုံကို ကျေးရွာပိုင် ထိန်းတောမှ စည်းကမ်း တကျ ထုတ်ယူသည်။ ထိုထိန်းတောသည် ရေထိန်းတောအဖြစ်လည်းကောင်း၊ တစ်ခါတစ်ရံတွင် ရိုးရာဓလေ့ အမဲလည်ရာ

တွင်လည်း အသုံးပြုသည်။ တကုန်းနှင့် နောင်ဆိုင်ကျေးရွာတို့၏ ကျေးရွာဘုံပိုင် ထိန်းတောမှာ **(၇၉၇) ဧက** ရှိသည်။

**၆။ အမြဲတမ်း ဝင်ငွေရသီးနှံစိုက်ပျိုးမြေ (Tsaq Anyamx Lawq Chi Yang Hak)**

ဝင်ငွေရ သီးနှံစိုက်ခင်းသည် **တကုန်းပြန့် (တကောင့်လ်တန်း)** ချောင်းကမ်းဘေးဝဲယာ တစ်လျှောက်တွင် တည်ရှိသည်။ ထိုနေရသည် မြေဩဇာအလွန်ကောင်းမွန်သဖြင့် ဖာလာ၊ ပိန္နဲ၊ လိမ္မော်၊ မာလကာ၊ ငှက်ပျော၊ မြေထောက်ပဲ၊ လဖက်၊ ဘိန်း၊ တောထန်းပင် နှင့် ဝါးအမျိုးမျိုးတို့ကို စိုက်ပျိုးရန် အထူးကောင်းမွန်သည်။ စုစုပေါင်း ဝင်ငွေရသီးနှံစိုက်ပျိုးမြေ ဧရိယာအကျယ်အဝန်းမှာ **(၂၂၄၆) ဧက** ရှိသည်။

**၇။ သုသာန်မြေ (Rawkq Phawz)** သည် တကုန်းကျေးရွာနှင့် နောင်ဆိုင်ရွာကြား ကားလမ်းဘေးအထက်တွင် တည်ရှိပြီး စုစုပေါင်း **(၂၁) ဧက** ကျယ်ဝန်းသည်။

**၈။ ကျေးရွာတိုးချဲ့မြေ (Kyuq Tayung Hak)**

တကုန်းနှင့် နောင်ဆိုင်ရွာကြား ကားလမ်းအထက်ပိုင်းသည် ကျေးရွာတိုးချဲမြေ ဖြစ်သည်။ ဧရိယာ အကျယ်အဝန်း **(၈၃) ဧက** ရှိသည်။

**၉။ သမိုင်းဝင်အထင်ကရနေရာ (Manq Phan Rawrak Chung Boq)**

တကုန်းနှင့် နောင်ဆိုင် ကျေးရွာတို့၏ အထင်ကရ နေရာများတွင် နောင်ဆိုင်အင်း၊ ဆားတွင်း၊ ဘိုးဘွားတို့ စိုက်ထူထားခဲ့သည့် ပိုင်နက်အမှတ် ကျောက်တိုင် တို့ပါဝင်သည်။

**၁၀။ သာသနာပိုင်မြေ (Anoq Apaix Hak Boq)**

သာသနာပိုင်မြေတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်းများ၊ ဆုတောင်းကုန်းတို့ ပါဝင်သည်။ တကုန်းနစ်ခြင်း ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်းဝင်းမြေ **(၅) ဧက၊** နောင်ဆိုင်နစ်ခြင်း ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်းဝင်း **(၅)ဧက** နှင့် နောင်ဆိုင် ကက်သလစ် ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်းဝင်းနေရာ **(၅) ဧက** အသီးသီးဖြစ်သည်။


**၁၁။ ကျေးရွာလူထု၏ အခြားဘုံပိုင်မြေ (Nauk Waiq Lawq Hak Boq)**

ကျေးရွာလူထု၏ ဘုံပိုင်မြေတွင် စာသင်ကျောင်းဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဆေးပေးခန်း တို့ပါဝင်သည်။ တကုန်းကျေးရွာ **စာသင်ကျောင်းဝင်း (၁၃) ဧက** နှင့် နောင်ဆိုင်ကျေးရွာ စာသင်ကျောင်းဝင်း **(၁၀) ဧက** ကျယ် ဝန်းသည်။ ဆေးပေးခန်းဝင်းမြေမှာ **(၄) ဧက** ရှိသည်။


**၁၂။ ရိုးရာအဖွဲ့အစည်းပိုင်မြေ (Athungx Alaix Hak Boq)**

ရိုးရာအဖွဲ့အစည်းပိုင်မြေတွင် ရိုးရာပွဲကွင်းနှင့် ရိုးရာရုံးရာထား နေရာတို့ပါဝင်သည်။  စုစုပေါင်း **(၈) ဧက** ကျယ်ဝန်းသည်။

နောင်ဆိုင် နှင့် တကုန်းကျေးရွာတို့၏ နယ်နိမိတ် အကျယ်အဝန်းနှင့် ရိုးရာထုံးတမ်းဓလေ့အရ စီမံခန့်ခွဲသော မြေအမျိုးအစားများပြ မြေပုံ



**ဇယား(၆) လယ်မြေပိုင်ဆိုင်မှု အထောက်အထား**




**ဇယား(၇) နောင်ဆိုင် နှင့် တကုန်းကျေးရွာပိုင် နယ်နိမိတ်အတွင်းရှိ မြေအမျိုးအစားနှင့် အကျယ်အဝန်း**

| စဉ် | မြေအမျိုးအစားအမည် | ဧရိယာ အကျယ်အဝန်း (ဧက) |
|---|---|---|
| ၁ | ဆေးပေးခန်း | ၄ |
| ၂ | ကျောင်းဝင်းမြေ | ၂၃ |
| ၃ | သုသာန်မြေ | ၂၁ |
| ၄ | ခရစ်ယာန်အသင်းတော်များပိုင်မြေ | ၁၅ |
| ၆ | ရိုးရာဓလေ့အမဲလည်ထိန်းတော | ၂၆၂၈ |
| ၇ | ကျေးရွာလူထု၏ ဘုံပိုင်ထိန်းတော | ၇၉၇ |
| ၈ | ကျေးရွာတိုးချဲ့မြေ | ၈၃ |
| ၉ | တကုန်းရွာတည်နေရာ | ၉၅ |
| ၁၀ | နောင်ဆိုင် ရွာတည်နေရာ | ၁၃၈ |
| ၁၁ | စားကျက်မြေ | ၂၃၀ |
| ၁၂ | လယ်မြေ | ၁၀၂၁ |

| | | |
|---|---|---|
| **၁၃** | အမြဲတမ်းစိုက်ခင်းမြေ | ၂၂၄၆ |
| **၁၄** | အနားပေးရွှေ့ပြောင်းတောင်ယာ | ၁၆၁၈ |
| **၁၅** | ရိုးရာယဉ်ကျေးမှုပိုင်မြေ | ၈ |
| **၁၆** | အုပ်ချုပ်ရေးမှူးရုံးဝင် | ၄၅ |
| **၁၇** | ရေထိန်းတော | ၃၀၅ |
| **စုစုပေါင်း နယ်နိမိတ် ဧရိယာ အကျယ်အဝန်း (ဧက)** | | ၉၂၇၇ |

# အခန်း (၄)

## သစ်တော၊ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ရိုးရာဓလေ့ စည်းကမ်းများ

### ရိုးရာဓလေ့ထုံးတမ်းအရ သစ်တော၊ မြေ၊ ယာ စီမံခန့်ခွဲမှု စနစ်

ဌာနေနာဂတိုင်းရင်းသားတို့သည် မြေယာနှင့် သစ်တော စီမံခန့်ခွဲမှု ရိုးရာဓလေ့ကို ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည်။ ဤရိုးရာ မြေယာစီမံခန့်ခွဲမှုစနစ်သည် မြေဗဟိုပြု လူမှုဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်တည်မြဲရေးကို တန်ဖိုးထားသည်။

ဌာနေနာဂလူမျိုး၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝသစ်တောထွက် အရင်းအမြစ်များကိုသာ အဓိက အခြေခံလျက်ရှိသည်။ ထို့ကြောင့် ထိုသင့်လျော်သော မြေယာနှင့် သစ်တော စီမံခန့်ခွဲမှုစနစ်မှာ တန်ဖိုးထား၍ လက်ဆင့်ကမ်းရန် လိုအပ်သည့် ရိုးရာအမွေအနှစ် နှင့် ရိုးရာအမှတ်လက္ခဏာ တစ်ခုပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။

### (၁) ရိုးရာဓလေ့ အနားပေး ရွှေ့ပြောင်းတောင်ယာမြေဆိုင်ရာ စည်းကမ်း

တကုန်းကျေးရွာရှိ ဌာနေ တန်ရှန်းနာဂ မျိုးနွယ်စုတို့သည် မိမိတို့၏ နယ်နိမိတ်ပိုက်နက်အတွင်း အများပိုင်မြေနေရာများမှအပ ကျန်တောရိုင်းများကို လွတ်လပ်စွာ စိုက်ပျိုးပိုင်ဆိုင်နိုင်သည်။ တောင်ယာ အနီးအနားရှိ တောရိုင်းဝန်းကျင်တို့ကိုလည်း တောင်ယာရှင်က ဆက်စပ်ပိုင်ဆိုင်နိုင်သည်။ မြေနေရာလုံလောက်မှုမရှိသည့် အခက်အခဲရှိသူတို့သည် တောင်ယာခင်းပိုင်ဆိုင်သူတို့ထံတွင် အကူအညီတောင်း ညှိနှိုင်းပြီးမှသာလျှင် နေရာသစ် သတ်မှတ်ခုတ်ထွင်ရှင်းလင်းနိုင်ပါသည်။

တစ်စုံတစ်ဦးက ပိုင်ဆိုင်ထားသည့် တောနကို ခုတ်ထွင်ရှင်းလင်းပါက ယင်းတောနကို လက်ဦးပိုင်ဆိုင်သူနှင့် အလေးထား ညှိနှိုင်းရန် မဖြစ်မနေ လိုအပ်ပါသည်။

### (၂) ရိုးရာဓလေ့ လယ်မြေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်း

တကုန်းကျေးရွာနေ မိသားစုတို့ပိုင်ဆိုင်သည့် လယ်မြေအများစုသည် တန်ဖိုးအမြင့်ဆုံး ဘိုးဘွားပိုင် အမွေများထဲမှ တစ်ခုဖြစ်သည်။ လယ်မြေ ခွဲဝေအသုံးပြုရန်နှင့် အထွေထွေစီမံချက်တို့ကို ညှိနှိုင်းဆောင်ရွက်ကြရာတွင် နာဂရိုးရာ ထုံးတမ်းဥပဒေသများကို အဓိကအသုံးပြုသည်။

မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းအရ လယ်မြေကို အမွေရရှိခြင်း ‌ကြောင်း လည်းကောင်း၊ ကျေးရွာ လူကြီး ရပ်မိရပ်ဖများတို့၏ ခွင့်ပြုချက်ဖြင့် လွတ်လပ်သော နေရာများကို တိုးချဲ့ခုတ်ထွင်ပြီး စိုက်ပျိုးခြင်း အားဖြင့်လည်းကောင်း၊ တရားမျှတစွာ ရောင်းဝယ်ခြင်းနှင့် လွှဲပြောင်းခြင်း အားဖြင့်လည်းကောင်း ပိုင်ဆိုင်နိုင်သည်။

### (၃) အိမ်ဝင်း၊ ခြံဝင်း စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်း

အခြားမြေပိုင်ဆိုင်မှုများကို ဖြစ်စေ အထူးသဖြင့် မိမိတို့ ပိုင်ဆိုင်ထားသည့် မြေပိုင်ဆိုင်မှုများကို ရောင်းဝယ်ရန် သို့မဟုတ် လွှဲပြောင်းပေးရန်အတွက် ကျေးရွာလူကြီးများသို့ ကြိုတင်အကြောင်းကြားပြီး အတိုင်ပင်ခံရမည် ဖြစ်သည်။ ထိုသို့ လိုက်နာ ဆောင်ရွက်ခြင်း မရှိဘဲ မြေယာ ရောင်းဝယ် လွှဲပြောင်းခြင်းကို ကျေးရွာစည်းမျဉ်း စည်းကမ်း အတိုင်း ထိုက်သင့်သည့်အလျောက် အရေးယူခြင်းကို ခံရမည် ဖြစ်သည်။

### (၄) **မြေယာအပါအဝင် အခြားအမွေများကို ဆက်ခံခွင့်**

မရှေးမနှောင်းကာလအထိတိုင် အမွေအားလုံးကို သားယောကျ်ားများကသာ လက်ဆင့်ကမ်းရယူပိုင်ဆိုင်သည့် အားကောင်းသော ဓလေ့သည် ရေရှည်တည်တံ့နေခဲ့သည်။ ထိုစဉ်က သမီးမိန်းကလေးများ အိမ်ထောင်ကျလျှင် မိဘများက သီးနှံမျိုးကောင်းမျိုးသန့်နှင့် တိရိစ္ဆာန်မျိုးတို့ကို ဝေမျှပေးသည့် ဓလေ့ကောင်းတစ်ခုလည်း ထွန်းကားခဲ့သည်။ ယနေ့တွင် ကြီးမားသော ခေတ်ကာလ တိုးတက်ပြောင်းလဲလာမှုကြောင့် မိန်းကလေးများသည် မိဘ၏ အမွေပမာဏနှင့် အခြေအနေတို့အပေါ် မူတည်ပြီးလျှင် မြေယာအမွေနှင့် အခြားမည်သည့်အမွေကိုမဆို အတော်အသင့် ရယူပိုင်ဆိုင်ခွင့်များ ရရှိလာပြီ ဖြစ်သည်။

### (၅) ရိုးရာအမဲလိုက်ခြင်း စည်းကမ်း

အမဲလိုက်ရာတွင် နည်းလမ်း၊ စည်းကမ်းနှင့် ရည်ရွယ်ချက် အမျိုးမျိုးရှိသည်။ စီးပွားရေးအတွက် ၊ ဝင်ငွေ ရရှိရေး စသည့် ရည်ရွယ်ချက်ဖြင့် အမဲလိုက်ခြင်းကို လုံးဝ တားမြစ်ထားလျက်ရှိသည်။

**တောကောင်များကြောင့် စိုက်ပျိုးသီးနှံများ ဖျက်စီးပါက** ကျေးရွာခေါင်းဆောင်များထံ သတင်းပေး အကြောင်းကြားရသည်။ တိုင်ပင်ဆွေးနွေးပြီးလျှင် ကျေးရွာ၊ ရပ်ကွက်ရှိ မုဆိုး အဖွဲ့ငယ်ဖြင့် အကောင်ခြေရာကို နံနက်စောစော သွားရောက် ခြေရာခံရသည်။ မုဆိုးအဖွဲ့ငယ်သည် ရွာသို့ ပြန်လာပြီး ကျေးရွာလူကြီးများထံ အကြောင်းပြန်ကြားပေးရသည်။ ထို့နောက် ကျေးရွာလူကြီးများက ရွာဆော်ပြီး အမဲလိုက်ရပါသည်။

လူနှင့် အိမ်မွေးတိရိစ္ဆာများကို အန္တရာယ်ဖြစ်စေသည့် တောသားရဲကောင်များရှိလာလျှင်လည်း ရွာဆော်ပြီး အမဲလိုက် ကျွမ်းကျင်သည့် မုဆိုးများဖြင့် မဖြစ်မနေ ထိုတောကောင်ကို လိုက်လံသတ်ဖြတ်ရသည်။

ရာသီအလိုက် အသားစားရန် အမဲလိုက်သည့် ရိုးရာဓလေ့လည်း ရှိသည်။ အထူးသဖြင့် ရိုးရာနှစ်သစ်ကူးပွဲတော်၊ ကမ္ဘာ့နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြု ပွဲသုံး ဟင်းလျာများအတွက် အမဲလိုက်ကြသည်။ တစ်ဦးတည်းသော်လည်းကောင်း၊ အမဲလိုက် အဖွဲ့ဖြင့်သော်လည်းကောင်း အမဲလိုက်သည်။ အမဲလိုက်ပြီး ရရှိလာသည့် တောကောင်ကို ခုတ်ထစ်ပြီး စည်းကမ်းတကျ၊ မျှမျှတတ ခွဲဝေရပါသည်။

## (၆) သီးနှံစိုက်ပျိုးခြင်း ထုံးတမ်းဓလေ့ စည်းကမ်း

ထုံးတမ်းဓလေ့အရ တိကျသော ရက်အချိန်ကို ရေတွက်ပြီး သီးနှံများကို စတင် စိုက်ပျိုးရသည်။ လဆန်း ၇ ရက်နေ့တွင်လည်းကောင်း လဆုတ် ၇ ရက်နေ့တွင်လည်းကောင်း စတင်စိုက်ပျိုးနိုင်သည်။ အခြားလ ဆန်းရက်များနှင့် လဆုတ်ရက်များတွင် သီးနှံစတင်စိုက်ပျိုးခြင်းကို သတိထား ရှောင်ကျဉ်ရပါသည်။ အခြား လဆန်းလဆုတ် ရက်များတွင် စတင်စိုက်ပျိုးသည့် သီးနှံများသည် အောင်မြင်မှု နည်းပါးပြီး ပိုးမွှားများက ဖျက်စီးတတ် ယုံကြည်ယူဆ ထားကြသောကြောင့် ဖြစ်သည်။

## (၇) သစ်၊ ဝါး၊ တောထန်းရွက်များကို ခုတ်ယူစုဆောင်းခြင်း ဓလေ့စည်းကမ်း

ဆောက်လုပ်ရေးသုံး သစ်၊ ဝါး နှင့် တောထန်းရွက်များကို **လပြည့်နှင့် လကွယ်ရက်များ**တွင် ခုတ်ယူလေ့ ရှိကြသည်။ ထိုအချိန်တွင် သစ်၊ ဝါး နှင့် တောထန်းရွက်များ၌ အရည် အစေးများ ခမ်းခြောက် နေလေသည်။ ထို့ကြောင့် အရည်အစေးတို့ကို စားသုံးမှီခိုပြီး ရှင်သန်သည့် ပိုးမွှားများ၏ ဖျက်စီးမှုမှ ကြိုတင် ကာကွယ်နိုင်ပါသည်။

## (၈) တိရိစ္ဆာန်ထိန်းကျောင်းခြင်း စည်းကမ်း

ကျေးရွာဘုံပိုင် စားကျက်မြေမှအပ ကျွဲ၊ နွား၊ ဆိတ် စသည့် အိမ်မွေး တိရိစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်းရမည် ဖြစ်သည်။ စည်းကမ်းကို လိုက်နာခြင်းမရှိသောကြောင့် ရာသီသီးနှံများ၊ အမြဲတမ်း သီးနှံစိုက်ခင်းများ ပျက်စီးပါက ကာလတန်ဖိုးအပြင် စီးကမ်းမလိုက်နာမှုဖြင့် အရေးယူခြင်း ခံရမည်။ ၊ စည်းကမ်းကို လိုက်နာနေစဉ် မတောတဆ ဖြစ်ပျက်လျှင် ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

ကျေးရွာ ဘုံပိုင်ထိန်းတောများ အတွင်း ပေါက်ရောက်လျက်ရှိသည့် မည်သည့် အပင်ကိုမျှ ခုတ်ယူ ပျက်စီးစေခြင်း မရှိစေရ။ ထိန်းတောအတွင်း သစ်ပင်၊ ဝါးပင်၊ ငှက်ပျောပင် စသည့် အပင်များ ပေါက်ရောက် ရှင်သန်ခြင်း မရှိသည့် နေရာများတွင်လည်း တောင်ယာခုတ်ခြင်း၊ စိုက်ခင်းပြုလုပ်ခြင်း နှင့် အခြားမည်သည့် လုပ်ငန်းအတွက်မျှ ထိန်းတောမြေနေရာများကို အသုံးပြုခွင့် လုံးဝမရှိပေ။

ဤကျေးရွာပိုင် ထိန်းသိမ်းတောများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ပါက ကျေးရွာမှ သတ်မှတ်ထားသည့် ပြစ်မှုပြစ်ဒဏ်များကို ခံယူရမည်။ ကျေးရွာ၏ ဘုံသဘောတူ ဆုံးဖြတ်ချက်အရ ပြစ်ဒဏ် တစ်ခုလျှင် ငွေကျပ် (၃၀၀၀၀) ကို ပေးလျော်ရမည် ဖြစ်သည်။ လက်ရှိ သတ်မှတ်ငွေသည် ကျေးရွာ၏ သတိပေးအဆင့် လျော်ကြေးငွေမျှသာ ဖြစ်သောကြောင့် ငွေကြေး ပမာဏ သတ်မှတ်ချက်သည် အပြောင်းအလဲ ရှိမည် ဖြစ်သည်။

**(၉) စပါးခင်းနှင့်ဆိုင်သော ဓလေ့စည်းကမ်း**

စပါးခင်း ဖူးပွင့်နေချိန် လယ်ရာ တောင်ယာခင်း နံဘေး၌ မီးဖူခြင်း၊ ဝါးမြစ်ချိုးခြင်း၊ ပန်းပဲလုပ်ငန်း လုပ်ကိုင်ခြင်း၊ တောကောင်များ မီးဖုတ်ခြင်းနှင့် ကြိမ်ခုတ်ခြင်း လုပ်ငန်းတို့ကို လုံးဝ ရှောင်ကြဉ်ကြသည်။

**(၁၀) လက်ဦးယူ ပိုင်ဆိုင်ခြင်း စည်းကမ်း**

ထုံးတမ်းဓလေ့အရ ကြက်ခြေခတ်၍ သို့မဟုတ် သုတ်ချောင်းချွန်၍ မှတ်သား ပိုင်ဆိုင်ထားသည့် သစ်ပင်ကို ဖြစ်စေ၊ မြေနေရာကို ဖြစ်စေ အခြားအရာများကို ဖြစ်စေ မေးမြန်းစုံစမ်းခြင်း မရှိဘဲ ထုတ်ယူ အသုံးပြုလေ့ မရှိပေ။ ဤစည်းကမ်းကို ချိုးဖောက်သူသည် အပြစ်ပေးခြင်း ခံရပြီး ထိုက်တန်သော လျော်ကြေးကို ပေးဆောင်ရမည်။

**(၁၁) ပဋိပက္ခဖြေရှင်းနည်း**

တကုန်းကျေးရွာတွင် မြေယာကိစ္စအပြင် နှစ်ဦးနှစ်ဖက်ကြား၌ အငြင်းပွားသော ပြဿနာ တစ်စုံတစ်ခု ပေါ်ပေါက်လာလျှင် ကျေးရွာ အုပ်ချုပ်ရေးရုံးသို့ စတင် တိုင်ကြားဆောင်ရွက်နိုင်သည်။ ထိုရုံး၏ ဆောင်ရွက်မှုဖြင့် အမှုမပြီး ပြတ်ဘဲရှိသော် ကျေးရွာအတွင်းရှိ နာဂရိုးရာခုံရုံး၊ ထို့နောက် မြို့နယ်နာဂရိုးရာ တရားစီရင်ရေး ခုံရုံးသို့ အဆင့်ဆင့် တိုင်ကြားနိုင်သည်။

ကျေးရွာရိုးရာခုံရုံးသည် ပြဿနာတစ်ခုကို ဖြေရှင်းလျှင် တရားမျှတမှုကို အခြေခံသည့် ရိုးရာထုံးတမ်းဓလေ့ စည်းကမ်းများကို အဓိကအခြေခံသည်။ မိမိတို့၏ ရိုးရာဓလေ့ ထုံးတမ်း စည်းကမ်းတို့သည် အကောင်းအဆိုးကို ပိုင်းဖြတ်ပေးသည့် စံတန်ဖိုးများဖြစ်သောကြောင့် လက်တွေ့ကျင့်သုံးရာတွင် ရှုပ်ထွေးမှု မရှိပေ။

ခက်ခဲနက်နဲသည့် အမှုအခင်းများကို မြို့နယ်အဆင့် ရိုးရာတရားရေး ခုံရုံး၌ ဖြေရှင်းသည်။ ထိုခုံရုံး၏ ရိုးရာ တရားသူကြီးအဖွဲ့၊ ရိုးရာရုံးဝန်ထမ်းအဖွဲ့နှင့် နာယကများတို့က အမှုများကို စီစစ်ပြီး

မြို့နယ် ရိုးရာ တရားစီရင်ရေး ခုံရုံးအာဏာဖြင့် အဆုံးအဖြတ်ပေးလေ့ရှိသည်။ ခုံရုံး၏ အဆုံးအဖြတ်ကို ဝန်မခံလျှင် (သို့) ခုံရုံးအပေါ် ကိုယ်၊ နတ် အမှုအရာများဖြင့် မထီလေးစားပြုလျှင် ရိုးရာခုံရုံး၏ အပြစ်ဒဏ်ပေးခြင်းကို ခံယူရမည် ဖြစ်သည်။

ရိုးရာထုံးတမ်းဓလေ့ နှင့် သမိုင်းများအရ အမှုဖြေရှင်းသည့် နောက်ဆုံးရလဒ်များကို ကျေးရွာနေ ပြည်သူလူထုက တန်ဖိုးထား လေးစားပြီး ဝန်ခံလေ့ရှိကြပါသည်။ နာဂရိုးရာဓလေ့ ထုံးတမ်းစည်းမျဉ်းစည်းကမ်းသည် ရှင်းလင်းမှုရှိသည့်အပြင် ထိုဓလေ့ကို လက်တွေ့ကျင့်သုံးသည့် ရိုးရာခေါင်းဆောင်နှင့် ရပ်မိရပ်ဖများတို့သည် လဒ်စား၊ လာဒ်ယူခြင်းကင်းရှင်းပြီး ပုံကောင်းသက်သေများ ပြသထားနိုင်သော ကြောင့်ဖြစ်ပါသည်။

ယနေ့တွင် ရပ်ရေးရွာရေး ကိစ္စတို့၌ ခေတ်လူငယ်များက ဦးဆောင်လာပါသည်။ သူတို့သည် ပဋိပက္ခများနှင့် အမှုအခင်းများကို ဖြေရှင်းရန် လိုအပ်လျှင် ထုံးတမ်းဓလေ့ကို နှံ့စပ်ကျွမ်းကျင်သည့် ရွာ၏ သက်ကြီးရွယ်အိုများနှင့် ရပ်မိရပ်ဖများကို မှီခိုအားထားသည်။ ရိုးရာစည်းကမ်းကို နှံ့စပ်ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ၊ ရိုးရာရုံး တာဝန်ခံများ၊ ကျေးရွာအဆင့် အုပ်ချုပ်ရေး အဖွဲ့အစည်း နှင့် ပြည်သူလူထု ပူးပေါင်းပြီး လွပ်လတ်စွာ ဆုံးဖြတ်ဖြေရှင်းသည်။


## အခန်း (၅)

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

### (၁) လယ်ယာ စိုက်ပျိုးရေး

လယ် ထွန်၊ ယက် စိုက်ပျိုးခြင်းသည် တကုန်းကျေးရွာနေ ဒေသခံတို့၏ အဓိက ဝမ်းစာဖူလုံရေး လုပ်ငန်းဖြစ်သည်။ လယ်မြေတွင် စပါးကိုသာ အဓိကထား စိုက်ပျိုးသည်။ ဧပြီလမှ ဇွန်လများအတွင်း လယ်ကို ထွန်ယက်သည်။ လက်လှဲခြင်း၊ ငွေကြေးဖြင့် ပုပ်ပြတ် ထွန်ယက်ခြင်း၊ နေ့စားလုပ်ခ ပေး၍ ထွန်ယက်ခြင်းနှင့် ရိုးရာနည်းအရ ကူညီလုပ်အားပေးခြင်းတို့ဖြင့် လယ်မြေကို ပိုင်းဝန်း





ထွန်ယက်ကြသည့် ခလေ့ကောင်းများ ရှိသည်။ ဩဂုတ်လ နှင့် စက်တင်ဘာလများတွင် လယ်စပါးခင်းများမှ ပေါင်းပင်များကို ရှင်းလင်းကြပြီး အောက်တိုဘာလ မှ နိုဝင်ဘာလကုန် အထိ လယ်စပါး ရိုပ်သိမ်းကြသည်။

**ပုံ (၁၃) စက်တင်ဘာလတွင် မြင်တွေ့ရသော လယ်စပါးစိုက်ခင်း**

လယ်မြေတွင် ဖုန်းရှဲ (ခွံနီ)၊ ခေါလ်ကျီ (ကောက်ကြီး) ၊ ဇမ့်တဒ် (ရွှေရင်အေး) ၊ ရိုင့်တမ့် (ကုလားကြီး) နှင့် ဇမ့်ရှုဒ် (အကြွေးကြေ)၊ ခုနစ်ရာဘို စသည့် စပါးမျိုးတို့ကို အဓိကစိုက်ပျိုး လျက်ရှိကြ သည်။

## (၂) ရွှေ့ပြောင်းတောင်ယာ လုပ်ငန်း

ထုံးတမ်းခလေ့ ကျင့်သုံးသည့် ရွှေ့ပြောင်း တောင်ယာစနစ်သည် မြေအလှေ့ကျ အနားပေးသည့် စနစ် ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာ လုပ်ငန်းသည် ဝမ်းစာဖူလုံရေးအတွက် ဒုတိယအရေး အပါဆုံးဖြစ်ပြီး အခြား ဟင်းသီးဟင်းရွက် ရရှိရန်နှင့် အိမ်မွေးတိရိစ္ဆာန်များအတွက် အစားအစာ ရရှိရန် လုပ်ကိုင်ကြသည်။

တောင်ယာကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ရှင်းလင်းပြီး မတ်လတွင် မီးရှို့ကာ ဧပြီ၊မေလများတွင် စိုက်ပျိုးကြသည်။ စပါးကို စူးထူးစိုက်သည်။ စပါးစိုက်သည့် လုပ်ငန်းကို နီးစပ်ရာ အပေါင်းအသင်း အစုအဖွဲ့များဖြင့် တောင်ယာ တစ်ကွက်ပြီးလျှင် တစ်ကွက်သို့ ကူညီ စိုက်ပျိုးကြသည်။

စပါးအပြင် ပြောင်း၊ ဖရုံအမျိုးမျိုး၊ သခွား၊ နှမ်း၊ ပဲပုပ်၊ ပိန်းဥ၊ ငရုပ်၊ ကြက်သွန်စသည့် သီးနှံများကိုလည်း ကြားညှပ်၍လည်းကောင်း သီးထပ်၍လည်းကောင်း စိုက်ပျိုးကြသည်။



ပုံ(၁၄) တောင်ယာ ကောက်စောစပါးစိုက်ပျိုးပုံနှင့် ကောက်စောစပါးခင်း

ပုံ (၁၅) အိမ်ဘေးခြံများတွင် စိုက်ပျိုးထားသည့် ရာသီသီးနှံများ


## (၃) ဝင်ငွေရ သီးနှံစိုက်ပျိုးခြင်း

ဝင်ငွေရရှိရန် ဖို့စိုင့် (ဖာလာ)နှင့် ဖိုဒ်လပ်(လက်ဖက်)ကို အဓိကစိုက်ပျိုးသည်။ ၎င်းတို့အနက် ဖာလာကို အဓိက စိုက်ပျိုးသည်။ တစ်နှစ်နှင့် တစ်နှစ် ဖာလာသီး ထွက်နှုန်းမှာ အလွန်ကွာခြားသည်။ သီးနှုန်းတိုးသည့် နှစ်တွင် ဖာလစိုက်ခင်း ၁ ဧကလျှင် ကီလို ၆၀ ကျော်ခန့် ထုတ်ယူ ရရှိသည်။ ဖာလာကို မိုးရာသီ အဦးပိုင်းတွင် စိုက်ပျိုးပြီး အသီးကို ဩဂုတ်လတွင် ခူးယူနိုင်ပါသည်။ ကြက်သွန်၊ အာလူး၊ ငရုပ်၊ မုန်ညင်းတို့ကိုလည်း ဝင်ငွေရရှိရန် အနည်းအကျဉ်း စိုက်ပျိုးကြသည်။

*ပုံ(၁၆) အမြဲတမ်းစိုက်ခင်းမြေတွင် စိုက်ပျိုးထားသည့် ဝင်ငွေရ သီးနှံနှင့် နှစ်ရှည်ပင်စိုက်ခင်းများ*

**ဇယား(၈) တကုန်းကျေးရွာ မိသားစုတို့၏ ဆန်စပါး ဖူလုံမှုကို နှိုင်းယှဉ်ခြင်း**




**(၄) မွေးမြူရေးလုပ်ငန်း**

ကျွဲနှင့် နွားကို လယ်ယာလုပ်ငန်းတွင် ခိုင်းစေရန်နှင့် စားသုံးရန် မွေးမြူသည်။ ဆိတ်၊ ဝက်၊ ကြက်နှင့် ဘဲတို့ကို စားသုံးရန်နှင့် ဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ဝက်ကို ခြံလှောင်မွေးမြူပြီး ကျွဲ၊နွားများကိုမူ စားကျက်မြေအတွင်း စနစ်တကျ လွှတ်ကျောင်းခြင်းနှင့် ထိန်းကျောင်းခြင်း စနစ်ဖြင့် မွေးမြူသည်။



**ပုံ(၁၇) ဝင်ငွေရရှိရန်၊ ခိုင်းစေရန်နှင့် စားသုံးရန် တစ်နိုင်တစ်ပိုင် ကျွဲ၊ နွားမွေးမြူခြင်း**

## (၅) ရိုးရာပန်းပဲနှင့် အခြားလက်မှုလုပ်ငန်း လုပ်ကိုင်ခြင်း

တကုန်းကျေးရွာ ရိုးရာလက်မှု လုပ်ငန်းမှ ရရှိသည့် အသုံးအဆောင်များမှာ ဖျာ၊ စကော၊ ခြင်းတောင်းအမျိုးမျိုး၊ စပါးပုပ်၊ ပလုံး၊ ပလိုင်း၊ ခြင်းကြား၊ ထိုင်ခုံ၊ စားပွဲ စသည့်တို့ ဖြစ်သည်။ ၎င်းတို့ကို ခိုင်ခံ့မှုရှိသည့် ကြိမ်နီးဖြင့် အဓိက ရက်လုပ်ကြသည်။



**ပုံ(၁၈) ငါးဖမ်းရန်နှင့် သွားလာရေးတွင် အသုံးပြုသည့် ပိန်းကောလှေနှင့် အိမ်သုံး ရိုးရာပစ္စည်းများ**

သစ်သားဖြင့် ပြုလုပ်သည့် ရိုးရာအသုံးအဆောင်များမှာ ပင်းကောလှေ၊ စပါးကြိတ်ရန်အတွက် ခြေမောင်းစုံ၊ ရေမောင်းစုံ၊ လက်ထောင်းစုံ၊ ရိုးရာစားအိမ်၊ သေနပ်ဒင်၊ ရိုးရာ ရက်ကန်းစင်၊ ဒူးလှဲ၊

ထွန်တုံး၊ သေတ္တာ၊ စားပွဲ၊ ရိုးရာခေါင်းအုံး စသည်တို့ ဖြစ်သည်။  ဓားရိုး၊ ပေါက်ရိုး၊ ရိုးရာခေါင်ရည်ဖူး၊ ရိုးရာရေခွက်၊  သောက်ရေဗူး စသည့် အသုံးအဆောင်များကို ဝါးဖြင့် ပြုလုပ်ကြသည်။

ပန်းပဲလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်သူများ ရှိသည်။  ဓား၊ လှံ၊ သိုမီးသေနပ်၊ ပေါင်းချိတ် သံကွင်း၊ ဖိုခနောက်၊ တူးရွင်းပြား၊ ဆောက် စသည့်တို့ကို ရိုးရာ ပန်းပဲဖိုတွင် ထုလုပ်ကြသည်။


## (၆) ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်း

စားသုံးရန်အတွက် ငါးများကို မျှောထောင်ခြင်း၊ ချောင်းလွှဲခြင်း၊ ကွင်ပစ်ခြင်းနှင့် ငါးဆေးခတ်ခြင်း စသည့် ရိုးရာနည်းများဖြင့် ဖမ်းယူကြသည်။ ရိုးရာဓလေ့ဖြင့် ငါးဆေးခတ်ရန်အတွက် ဈဲရှုန်းနွယ်ခေါက်၊ ရောင့်ပမ်းနွယ်ခေါက်၊ ရောင့်ချိုပင်မြစ်၊ လဖော့င်ပင်ခေါက်၊ ဖျေးဂေါဒ်သီးနှင့် စောဖျေယ် တို့ကို အသုံးပြုသည်။  ဇေးတမ့်သီးကို ငါးဆေးခတ်ရန် အသုံးပြုနိုင်သော်လည်း ရိုးရာဓလေ့အရ အထူးသဖြင့် အသုံးပြုရန် ရှောင်ရှားကြရသည်။  ချောင်းတွင် လူရေနစ်သေဆုံး သောအခါမှသာလျှင် ချောင်းရေကို လက်စားချေရန် အသုံးပြုလျက်ရှိသည်။


## (၇) တောထွက်အရင်းအမြစ် ရှာဖွေစုဆောင်းခြင်း

လူသုံးကုန်များဖြစ်ကြသည့် ကြိမ်အမျိုးမျိုး၊ ဂါးအမျိုးမျိုး၊ သစ်အမျိုးမျိုး၊ သင်းခွေချပ်၊ တစ်ပင်တိုင်၊ သစ်ခွပင်၊ ဆား၊ တောထွက် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များနှင့် အသားငါး တို့ကို ကျေးရွာပိုင် သစ်တောများမှ ရရှိသည်။  အချို့ကို အသုံးပြုရန်နှင့် အချို့ကို ဝင်ငွေရရှိရန် ထုတ်ယူစုဆောင်းကြသည်။

## ဇယား (၉) အဓိက ဝင်ငွေရရှိစေသည့် လုပ်ငန်းကဏ္ဍများ




**ဇယား(၁၁) အသုံးစရိတ် စီမံခန့်ခွဲမှုကို နှိုင်းယှဉ်ခြင်း**



## အခန်း (၆)

## မြေပုံအချက်အလက်များနှင့် နောက်ဆက်တွဲ

၁။ မြေပုံထည့်

**တကုန်းကောမ်တလောင်း**

ခမ်းမာ ချွမ်းယီလ် ချွမ်းတမ့် (သောက်ရေ အတွက် တွင်းရေဖွေးဖွေး)

ရဲးမာ ဟိုဒ်လွှာလ်း ရဲမာ ချွမ်းတမ့် (လူပျိုအပျိုတို့နယ် ကုန်းမြင့်ဝယ်)

ချဲလ်းနား ခမ်းနား ပုံဖိုလ်း ငိုင့်ဟိုဒ်ရှူန်နား (ငှါ့နယ်ငှါ့ရွှာမှာ သီးနှံ ဦးဆုံးဖူးပွင့်လို့)

ဝဲဒေ့ဖျုံဖိုလ်း တကုန်းကောမ်နား (ပုဇဉ်းရင်ကွဲလည်း ဒို့တကုန်းတောင်မှာ စသံချို)

ဇယား (၁၁) ရာသီစက်ဝန်း

| လ | နာဂလ | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ဇန်နဝါရီ | ယန်ဖော်ယိလ် | ၁။ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပခြင်း၊ ကမ္ဘာ့နှစ်သစ်ကူး အထိမ်းအမှတ် ပြုလုပ်ခြင်း<br>၂။ အားကစားပွဲများ ကျင်းပခြင်း၊ တောင်ယာခင်း စတင်ရှင်းလင်းခြင်း<br>၃။ ရိုးရာနေအိမ်ဆောက်လုပ်ရေးအတွက် သစ်ဝါးစုဆောင်းခြင်း<br>၄။ ထိမ်းမြားဆောင်နှင်းပွဲများနှင့် အခြားလူမှုရေး လုပ်ငန်းများ |
| ဖေဖော်ဝါရီ | ငါ့ရှောင်ယိလ် | ၁။ တောင်ယာသစ် ခုတ်ထွင်ခြင်း၊ တောင်ယာဟောင်း ရှင်းလင်းခြင်း<br>၂။ နေအိမ်ဆောက်လုပ်ခြင်း၊ ထင်းခွဲခြင်း |
| မတ် | မောလ်ယိလ် | ၁။ ကောက်စောစပါးစိုက်ပွဲများ ကျင်းပခြင်း၊<br>၂။ စပေါ့လော့ အက သီဆိုကပြခြင်း။<br>၂။ နှမ်း၊ ဇရုံ စသည့် စပါးခင်းကြားညှပ် သီးနှံများ စိုက်ပျိုးသည်။ |
| ဧပြီ | မွေယောင်းယိလ် | ၁။ ကောက်ကြီးစပါးစိုက်ပျိုးခြင်း၊ ကျွဲမြီးကာခြင်း၊ လက်ဖက်ခူးခြင်း<br>၂။ ရာသီအလိုက် ဖြစ်သည့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးခြင်း<br>၃။ တောထန်း၊ ဝါး၊ ဖာလာ စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း |
| မေ | ဝူ့တိုင့်ကောက်ယိလ် | ၁။ လယ်လုပ်ငန်းအတွက် ပျိုးထောင်ခြင်းနှင့် လယ်ထွန်ယက်ခြင်း<br>၂။ လက်ဖက်ခူးယူခြင်း |
| ဇွန် | ယိလ်နာမ်းယီလ် | ၁။ လယ်စပါး စိုက်ပျိုးခြင်း၊ အချို့တောင်ယာစပါး စိုက်ပျိုးချိန်ဖြစ်သည်။ |
| ဇူလိုင် | ယီလ်ချွမ်းယီလ် | ၁။ လယ်စပါးစိုက်ပျိုးခြင်း |
| ဩဂုတ် | ဂူတန်ယီလ် | ၁။ ဖာလာသီး ခူးယူ စုဆောင်းခြင်း၊ လယ်ပေါင်းပင် ရှင်းလင်းခြင်း<br>၂။ လမ်း၊တံတားများ ပြုပြင်မွမ်းမံခြင်း၊ ရွာပတ်ဝန်းကျင် သန့်ရှင်းစေခြင်း |
| စက်တင်ဘာ | တုံ့ရောင်ယီလ် | ၁။ တောင်ယာ ကောက်စော စပါး ရိပ်သိမ်းခြင်း<br>၂။ အိမ်ဆောက်လုပ်ရန် အိမ်တိုင်များ ကြိုတင်ခွဲယူ စုဆောင်းခြင်း |
| အောက်တိုဘာ | ဘင်းယိယ်းယီလ် | ၁။ ကောက်သစ်စား ကျေးဇူးတော် ရေတွက်ချီးမွမ်းခြင်း ပွဲတော်<br>၂။ အမ်ပိုင်း တောင်ယာစပါး ရိတ်သိမ်းခြင်း |
| နိုဝင်ဘာ | စိုဒ်ရင့်ကောက်ယီလ် | ၁။ လယ်စပါးရိတ်သိမ်းခြင်း |
| ဒီဇင်ဘာလ | ဆားလ်ခိုင်းယီလ် | ၁။ ခရစ္စမတ်ပွဲတော် ကျင်းပခြင်း ၊ အားကစားပွဲများ ကျင်းပခြင်း |



ပုံ(၁၈) တကုန်း (တကောင့်) ကျေးရွာ သမိုင်းပြုစုရေး ကော်မတီဝင်များ